# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၃၀)


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်း ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ ဝ၊ ထနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူး စသည့်တိုင်းရင်းသားများသည် ကာလရှည်ကြာ အတူယှဉ်တွဲစုပေါင်းနေထိုင်ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့် အစဉ်အလာကောင်းပင် ဖြစ်ပါသည်။

သမိုင်းကြောင်းဖြစ်တည်မှုအရ မြန်မာနိုင်ငံ၏ ကျောက်ခေတ်နှောင်းကာလနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် ကာလ ယဉ်ကျေးမှုအထောက်အထားများကို ရှမ်းပြည်နယ်တွင်

စာမျက်နှာ ၃ ကော်လံ ၁ ✻


**ယနေ့ ဖတ် စ ရာ**

ဤရေ၊ ဤမြေ၊ ဤပြည်ထောင်စု ကမ္ဘာတည်သရွေ့ တည်တံ့စေ — ဆောင်းပါး — စာ ၆

ရန်ကုန်မြို့၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ် ဆေးဝါးများတိုက်ရိုက်ရောင်းချ — ပြည်တွင်းသတင်း — စာ ၈

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ — ပြည်တွင်းသတင်း — စာ ၁၅

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် — ဆောင်းပါး — စာ ၁၆




## မန္တလေးနန်းမြို့အတွင်းရှိ နန်းမြင့်မျှော်စင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေး နန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော် နန်းမြင့်မျှော်စင်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)က ကြံ့ခိုင်ပြီး ရေရှည်တည်တံ့စေရန်အတွက် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✪

မြန်မာ့အလင်း

## MSME များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းများ အမိအရ ရယူဆောင်ရွက်

နိုင်ငံ့စီးပွားမြင့်မားအောင် ဆောင်ရွက်ရာတွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ အဓိက အင်အားစုဖြစ်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်လျက်ရှိသည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်သည် MSME များပင်ဖြစ်ရာ မြန်မာ့စီးပွားရေးမြင့်မားစေရန် MSME များမြင့်မားရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်တွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တာဝန်ရှိသူများနှင့်အတူ ပြည်တွင်းဒေသအများအပြားသို့ အကြိမ်များစွာ ကွင်းဆင်းသွားရောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါခရီးစဉ်များတွင် ဒေသခံ MSME လုပ်ငန်းရှင်များက ငွေကြေးအရင်းအနှီး၊ မြေနေရာ၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အဓိကတင်ပြခဲ့ကြသည်ဟု သိရသည်။ ထို့အပြင် အဆိုပါခရီးစဉ်များ၏ အတွေ့အကြုံအရ အားနည်းချက်များကိုလည်း တွေ့ရှိခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် လုပ်ငန်းချိတ်ဆက်နိုင်မှု အားနည်းချက်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း လုပ်ငန်းများချိတ်ဆက်နိုင်မှု၊ အတွေ့အကြုံဖလှယ်နိုင်မှုများတွင် အားနည်းချက်၊ အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်းနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများတွင် အားနည်းချက်၊ MSMEများနှင့် ပတ်သက်၍ နည်းပညာ၊ အထောက်အကူပစ္စည်းများနှင့် ဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ပေးနိုင်သည်များကို အင်တာနက် Webportal များတွင် တင်ပေးထားသော်လည်း လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးမချနိုင်ကြသည့် အားနည်းချက်များရှိနေသည်ဟု သိရှိရသည်။ အနာသိလျှင် ဆေးရှိရမည်ဖြစ်သည့်အလျောက် အားနည်းချက်များဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို ရှာဖွေဖော်ထုတ်၍ အားသာချက်များဖြစ်ပေါ်လာအောင် ကုစားနိုင်ကြရမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုစစ်တမ်းအရ ထုတ်လုပ်မှုလုပ်ငန်းအများစုသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး အဓိကထုတ်လုပ်မှုမှာ စားသောက်ကုန်လုပ်ငန်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အဝတ်အထည်နှင့် အထည်အလိပ်လုပ်ငန်းများလည်းရှိသည်။ ထို့အပြင် တီထွင်ဆန်းသစ်မှုနည်းပါးခြင်း၊ နည်းပညာနိမ့်ကျခြင်း၊ ရေနှင့် လျှပ်စစ်ဓာတ်အားရရှိမှုနည်းပါးခြင်း၊ အင်တာနက်အသုံးပြုသူရာခိုင်နှုန်းအလွန်နည်းပါးခြင်း၊ ကုန်ထုတ်လုပ်မှုအတွက် စက်ယန္တရားများ အဆင့်မီမသုံးစွဲနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာအရည်အသွေး မရရှိနိုင်ဘဲ ပြည်ပဈေးကွက်ကိုလည်း လက်လှမ်းမမီသည့်အခြေအနေဖြစ်သည်ဟု သိရသည်။ အထက်တွင် ဖော်ပြခဲ့သမျှ အားနည်းချက်များကို လေ့လာသုံးသပ်မည်ဆိုပါက MSME လုပ်ငန်းရှင်များအကြား ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အသိပညာဗဟုသုတတို့ မြှင့်တင်မှုတို့ လိုအပ်နေသည်ဟု ဆိုနိုင်သည်။ သေးငယ်သည့် လုပ်ငန်းများမှာ ကြီးပွားတိုးတက်ရန်နှင့် ရေရှည်ရပ်တည်ရန် ခက်ခဲနိုင်သည့်အတွက် လုပ်ငန်းတူသူတို့ စိတ်တူကိုယ်တူပူးပေါင်းကာ သမဝါယမဖွဲ့ ဆောင်ရွက်ရန်လည်းလိုသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို နေပြည်တော်တွင် မကြာမီကျင်းပတော့မည်ဖြစ်ရာ သာမန်အားဖြင့် ထုတ်ကုန်များခင်းကျင်းပြသရုံ၊ ယှဉ်ပြိုင်ရုံမျှသာမကဘဲ လုပ်ငန်းရှင်များအကျိုးဖြစ်ထွန်းရေး၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြစ်သည့်အလျောက် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်အသုံးချနိုင်ကြရမည်ဖြစ်သည်။ ဤပြပွဲပြိုင်ပွဲကြီးတွင် နိုင်ငံတစ်ဝန်းမှ ရောက်ရှိလာမည့် ထုတ်ကုန်ပစ္စည်းများအချင်းချင်း အပြန်အလှန်ကြည့်ရှုလေ့လာ၍ မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို နှိုင်းယှဉ်ပြုပြင်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် မိမိတို့၏ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ တွင်တွင်ကျယ်ကျယ် တင်ပို့ရောင်းချနိုင်မည်ဆိုပါက များစွာပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ရာ ယင်းနှင့်ပတ်သက်၍လည်း ပြည်ထောင်စုအဆင့်ကျင်းပသည့် ဤပြပွဲပြိုင်ပွဲကြီးတွင် လေ့လာနိုင်ကြမည်ဖြစ်သည်။

MSME လုပ်ငန်းများသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများဖြစ်သည့်အလျောက် ပြည်တွင်းရှိလုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နေကြခြင်းဖြစ်ပြီး အချို့ကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရပိုင်းကလည်း ကူညီဆောင်ရွက်ပေးနေရသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စုပေါင်းအင်အားဖြင့်လည်းကောင်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်းနှင့် နိုင်ငံတော်က အားပေးဆောင်ရွက်နေသည့် အခွင့်အလမ်းများကိုရယူကာ အကျိုးရှိရှိထိထိရောက်ရောက် အသုံးပြုကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




### ၆ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်ထောင်စုဖွား**
**တိုင်းရင်းသားတို့**
**သွေးစည်းညီညီ တွဲလက်ညီမှ**
**ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

**❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီး၊ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများ ဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြရမည်**

**❖ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏အကျိုးစီးပွားကို ထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်၊ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေးလို**

※ ရှေ့ဖုံးမှ

တွေ့ရှိရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကားအမွေအနှစ်၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအမွေအနှစ်နှင့် သုခုမအနုပညာအမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်း၏ ဂုဏ်ယူမှတ်သားဖွယ်ရာ ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ (၃)ကြိမ်တိုင်တိုင် စစ်ပြုကျူးကျော်ခြင်းကို ခံရစဉ်ကလည်း ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှုပ်ရှပ်ချွံချွံ ပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်က မခွဲမခြား၊ မကွဲမပြား နေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန်အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့မှ ဖေဖော်ဝါရီလ (၆)ရက်နေ့အထိ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် လူထုကိုယ်စားလှယ် (၇)ဦး၊ စော်ဘွားများ ကိုယ်စားလှယ် (၇) ဦး စုစုပေါင်း(၁၄) ဦးပါဝင်သော ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခင်က နယ်ချဲ့တို့အလိုကျ လိုက်ပါဆောင်ရွက်ပေးခဲ့ရသော ရှမ်းပြည်ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းပေးရန် ဘုရင်ခံထံ ကြေးနန်းပေးပို့အရေးဆိုခဲ့ကြပါသည်။ ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့အနေဖြင့် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဤသို့ မိမိတို့ပြည်နယ်၊ နိုင်ငံအနာဂတ်အရေးအတွက် သဘောတူညီညွတ်မှုရရှိပြီး အရေးဆိုခဲ့ကြသည့် ဖေဖော်ဝါရီ (၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့၊ ပင်လုံညီလာခံအစည်းအဝေးတွင် သတ်မှတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့် လူထုခေါင်းဆောင်များ၏ ညီညွတ်မှုကို အရင်းခံသောဆုံးဖြတ်ချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ (၇)ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်းဖြင့် ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းပင် ဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ပြနိုင်ခဲ့သည့် **“ပြည်ထောင်စုနေ့”** သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသောပန္နက်လည်းဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများ ဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီ ဖြစ်ပါသည်။ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေးလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင်ပါရှိသည့် **“နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ အဓိပ္ပာယ်မဲ့ ပြုန်းတီးနေရသည်မှာလည်း နိုင်ငံအင်အားလျော့နည်းလာခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် လေးလေးနက်နက် နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံတိုက်တွန်းလိုပါသည်။

မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်သာရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်း နည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည် ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ရပ်တည်ရှင်သန်ရေးကို ကိုယ်စွမ်းကိုယ်စနှင့် မထိန်းသိမ်းနိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာ အားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ယခုအချိန်ကာလတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှု အပြည့်ရှိသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် မျိုးချစ်စိတ်များကို အခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာအေးချမ်းပျော်ရွှင်စွာဖြင့် အသက်မွေးလိုသော ဆန္ဒရှိကြပါသည်။ ယင်းဆန္ဒပြည့်ဝရန်အတွက် အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ ပြည့်စုံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားအားလုံး အကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုထွန်းကားလာရန် လိုအပ်သဖြင့် MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အခြေခံကောင်း၊ အစဉ်အလာကောင်းများရှိခဲ့သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာထူးချွန်ရန် လိုအပ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာတွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်း မြင့်မားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်ပြီး ပြည်ထောင်စုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိအောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါသည်။

ဗလငါးတန်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **"ရှမ်းပြည်နယ်နေ့"** အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္ဓေတည်ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ပြည်တွင်း၌ အသုံးများသည့်ကုန်ပစ္စည်းများ၊ ဒေသအလိုက် အောင်မြင်ပြီးဖြစ်သည့် ထုတ်ကုန်များကို ပြည်တွင်းတွင် စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကို ပံ့ပိုးကူညီတွန်းအားပေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်မှုဖွံ့ဖြိုးရေး ကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးသို့ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ပေးခဲ့သည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်အပေါ် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အောင်မြင်အောင် ပူးပေါင်း ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ကော်မရှင်၏လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အဓိကစွမ်းဆောင်နိုင်မှု တိုင်းတာခြင်း၊ ညွှန်ကိန်းများ သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသည့် ညွှန်ကိန်းများအတိုင်း သုံးသပ်အကဲဖြတ်ခြင်းတို့ကို ကော်မရှင်အဖွဲ့ဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဦးဆောင်စီမံ၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့် ကိစ္စရပ်များ၊ ပြည်တွင်း၌ အသုံးများသည့်ကုန်ပစ္စည်းများ၊ ဒေသအလိုက် အောင်မြင်ပြီးဖြစ်သည့် ထုတ်ကုန်များကို ပြည်တွင်းတွင် စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း စက်မှုလုပ်ငန်းရှင်များကို ပံ့ပိုး ကူညီတွန်းအားပေး ဆောင်ရွက်ကြရမည့်ကိစ္စရပ်များ၊ သွင်းကုန်အစားထိုး စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စွမ်းအင်၊ ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ စသည့်တို့ကို အချိန်မီလွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးရေး ကော်မရှင်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေး၊ အရည်အသွေးမြင့်၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စသည့်ရည်မှန်းချက်များ ထားရှိဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင်အတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်းများဖော်ဆောင်နိုင်မည့် စက်ရုံများအခြေအနေတို့ကိုလည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ အခြေအနေတို့ကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်း၊ အဓိကဆောင်ရွက်ရမည့် ညွှန်ကိန်းများ သတ်မှတ်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဦးတည်ရမည့်ရည်မှန်းချက်များ၊ ချမှတ်အကောင်အထည်ဖော်ရမည့် မဟာဗျူဟာများကို ကော်မရှင်အဖွဲ့ဝင်များအကြား ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*ရှေ့ဖုံးမှ*

အဆိုပါ နန်းမြင့်မျှော်စင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ရှေးမူမပျက်စေဘဲ ကြံ့ခိုင်မှုရှိစေရန်ဆောင်ရွက်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

"နန်းမြင့်မျှော်စင် ပြုပြင်ထိန်းသိမ်းရာမှာ ဆေးသုတ်တာ အပြင် မျှော်စင်ရဲ့ အပေါ်ဘက်ကြမ်းခင်းတွေ၊ လှေကားတွေ၊ လက်ရန်းတွေမှာ ယိုယွင်းနေတာမျိုးရှိရင် လိုအပ်သလို ပြင်ဆင်ပါတယ်" ဟု ၎င်းက ပြောသည်။

နန်းမြင့် မျှော်စင်သည် ရှေးခေတ် ဥရောပလက်ရာနှင့် မြန်မာမှုလက်ရာတို့ ပေါင်းစပ်တည်ဆောက်ထားသည်ကို တွေ့ရပြီး အတက်အဆင်းလှေကားထစ်ပေါင်း ၁၂၁ ထစ်ရှိ၍ ပြုပြင်ရန်လိုအပ်သော လှေကားထစ်များကို ကြံ့ခိုင်မှုရှိရန် ပြင်ဆင်ထားကြောင်း၊ ရွှေနန်းတော်သို့ လာရောက်လေ့လာသူများအနက် အများစုသည် နန်းမြင့်မျှော်စင်ပေါ်သို့ တက်ရောက်၍ ရွှေနန်းတော်အဆောင်များနှင့် မန္တလေးမြို့ပြရှုခင်းများကို အပေါ်စီးမှ ကြည့်ရှုလေ့ရှိကြောင်း သိရသည်။

"နန်းမြင့်မျှော်စင်ကို ဆေးသုတ်ရာမှာ ရှေးက အရောင်အတိုင်းဖြစ်အောင် နီညိုရောင်ကိုအသုံးပြုပါတယ်။ တစ်ထပ်တည်းသုတ်ရင် သစ်သားက ဆေးကိုစုပ်သွားတော့ အရောင်မှိန်လို့ ဆေးနှစ်ထပ်သုတ်တယ်။ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှုတွေ ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည့်တံ့စေရန်အတွက် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နန်းဆောင်များဆေးသုတ်ခြင်း၊ မြနန်းစံကျော်ရွှေနန်းတော် မြေနန်းပြာသာဒ်ရှိ တိုင်လုံးများတွင် ယွမ်းကြိုးထိုးခြင်း၊ လက်ဝဲ/လက်ယာ ပွဲတက်ဆောင်များတွင် သစ်သားလျှာထိုးခင်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၁/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၆

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အသိပေးအကြောင်းကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ်လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးရေးကိစ္စများနှင့်ပတ်သက်၍ The Country Task Force on Monitoring and Reporting–CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုမတိုင်မီ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၅၉၇ ဦးအား တပ်မတော်မှ နုတ်ထွက်ခွင့်ပြုပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action)ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် တပ်သားသစ် စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်ပါ စုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

**စနစ်တကျကြပ်မတ်ဆောင်ရွက်**

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကိုလည်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သဖြင့် အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အသီးသီးမှ စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း CTFMR နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ စစ်သည်များအား မိဘ/အုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

အစည်းအဝေးသို့ UNOPS ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur၊ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ**

ရန်ကုန် ဖေဖော်ဝါရီ ၆

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရ **“သောင်းညွှန့်သစ်(အမျိုးသားစာပေဆုရ)”** ရေးသားသည့် **“ခေတ်အဆက်ဆက်မြန်မာ့သစ်တောများ စီမံအုပ်ချုပ်မှု”**စာအုပ်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါသည်။ စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဤရေ၊ ဤမြေ၊ ဤပြည်ထောင်စု ကမ္ဘာတည်သရွေ့ တည်တံ့စေ

ခွန်အားသစ်

မြန်မာနိုင်ငံ၏ အကျယ်အဝန်းသည် ၆၇၆၅၇၈ စတုရန်းကီလိုမီတာရှိပြီး အရှေ့တောင်အာရှ ပင်မကုန်းမြေပေါ်ရှိ နိုင်ငံအားလုံးတွင် အကျယ်ဆုံး ဖြစ်သည်။ အာဆီယံ ၁၀ နိုင်ငံတွင် ဒုတိယအကျယ်ဝန်းဆုံးဖြစ်ပြီး ကမ္ဘာ့အဆင့်တွင် ၄၀ ဖြစ်သည်။ နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် နိုင်ငံအင်အားကြီးလျှင် ကြီးသလောက် တန်ခိုးဩဇာဖြန့်ကြက်နိုင်ခဲ့ရာ တောင်အာရှနှင့် အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံအချို့တို့သို့ပင် ကျော်လွန်ရောက်ရှိခဲ့သည်။

ယနေ့ခေတ်အမြင်ဖြင့် ကြည့်မည်ဆိုပါက သူတစ်ပါးနိုင်ငံကို ကျူးကျော်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်စေကာမူ ထိုခေတ်ထိုအခါတွင် အင်အားသာသူတို့က ဘုန်းလက်ရုံး ဆန့်တန်းကြမြဲဖြစ်သည့် အလျောက် ကိုယ်မကျူးလျှင် သူကျူးမည်။ ကိုယ်မတိုက်လျှင် သူတိုက်မည်သာဖြစ်ရာ မိမိနိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် အင်အားကို ပြသကြရမြဲဖြစ်သည်။ မိမိတို့ အင်အားချည့်နဲ့ချိန်၊ နိုင်ငံကို စိုးမိုးအုပ်ချုပ်မင်းလုပ်သူ ညံ့ဖျင်းချိန်တွင် နိုင်ငံအတွင်း တိုင်းတစ်ပါးသားတို့ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုကို မလွှဲသာမရှောင်သာ ခံခဲ့ရသည်မှာလည်း သမိုင်းတွင် အထင်အရှားပင် ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့ ဝင်ရောက်သိမ်းပိုက်ပြီးချိန်တွင်မူ တစ်ချိန်က မြန်မာဘုရင်လက်ထက် အုပ်ချုပ်မှုသက်ရောက်ခဲ့ရာ နယ်မြေများအားလုံးကို သိမ်းယူ၍ တစ်ဖက်နိုင်ငံများနှင့်ပါ နယ်နိမိတ်စာချုပ်များချုပ်ဆိုပြီး ယနေ့မိမိတို့တွေ့မြင်နေရသည့် မြန်မာနိုင်ငံမြေပုံ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ တိကျသည့် နယ်နိမိတ်ရေးဆွဲသတ်မှတ်ရာတွင် အပေးအယူအချို့လုပ်ခဲ့ပြီး အချို့နယ်မြေဒေသများမှာ မြန်မာနိုင်ငံပိုင်နက် ဖြစ်သင့်ပါလျက် မဖြစ်တော့ဘဲ တစ်ဖက်နိုင်ငံကို ပေးအပ်လိုက်ရသည်များလည်း ရှိခဲ့သည်ကို သမိုင်းတွင် တွေ့ရှိနိုင်သည်။

၂၀ ရာစုအတွင်း ကမ္ဘာ့စနစ်မှာလည်း ပြောင်းလဲသွားခဲ့ပြီဖြစ်ရာ နိုင်ငံများ၏ ပိုင်နက်နယ်နိမိတ်များသည် တိကျသည့် အတိုင်းအတာများ၊ သတ်မှတ်ချက်များ၊ သဘောတူညီချက်များ၊ စာချုပ်စာတမ်းများနှင့် ခိုင်ခိုင်မာမာ အတည်တကျ ဖြစ်လာခဲ့ပြီဖြစ်သည်။ အင်အားရှိတိုင်းလည်း နယ်မြေချဲ့ထွင်နိုင်သည့် ခေတ်အခါမဟုတ်တော့။ မိမိတို့ဘိုးဘေးဘီဘင်များ အသက်သွေး၊ ချွေးများစွာဖြင့် တည်ထောင်ခဲ့သည့် ဤနိုင်ငံ၊ ဤနယ်နိမိတ်ကို တစ်လက်မမျှပင် မလျော့ပါး၊ မဆုံးရှုံးစေရန် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

**ကမ္ဘာ့မြေပုံကိုကြည့်လျှင် ကမ္ဘာတွင် တတိယမြောက် အကျယ်ဝန်းဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် သတ္တမမြောက် အကျယ်ဝန်းဆုံး နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတို့၏အကြားတွင် နှစ်နိုင်ငံလုံးနှင့် ထိစပ်လျက် မြန်မာနိုင်ငံကို သေးသေးငယ်ငယ်ကလေး တွေ့ရှိနိုင်သည်။ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံလုံးတို့မှာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးများဖြစ်ကြသည့်အပြင် စီးပွားရေးတွင်လည်း အင်အားကြီးနိုင်ငံများအဖြစ် လျင်မြန်စွာ တက်လှမ်းနေကြသည်။ ၂၁ ရာစုသည် အာရှ၏ ရာစုနှစ်ဟု ဆိုရလောက်အောင် ကမ္ဘာ့အချက်အချာသည် အာရှဆီသို့ ပြောင်းရွှေ့လျက်ရှိနေရာ ကမ္ဘာ့အင်အားပြိုင်ဆိုင်မှုများကလည်း ပထဝီအနေအထားအရ အချက်အချာကျသည့် မိမိတို့နိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် ကောင်းကင်ပြင်ပိုင်နက်နယ်နိမိတ်များနှင့် ဆက်စပ်လာနေသည်။ နိုင်ငံတိုင်း ၎င်းတို့နိုင်ငံ အစွန့်ရှည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို အခိုင်အမာတည်ဆောက်လျက်ရှိရာ မိမိတို့သည်လည်း နောက်ကျ မကျန်ရစ်ဖို့ လိုသည်။**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံ၏ တစ်ကျော့ပြန်သမ္မတဖြစ်လာခဲ့သည့် ဒေါ်နယ်ထရမ့် အိမ်ဖြူတော်၏ သမ္မတရုံးခန်းတွင်းသို့ ရောက်မလာမီ အချိန်အတွင်း ပြောခဲ့သည့်စကားအချို့က ကမ္ဘာကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေခဲ့သည်။ ကမ္ဘာ့နံပါတ် (၁) အင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်၏ မဟာဗျူဟာ အကျိုးစီးပွားအတွက် ဂရင်းလန်ကျွန်း၊ ပနားမားတူးမြောင်း၊ မက္ကဆီကို၊ ကနေဒါတို့ကဲ့သို့သော အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ အစိတ်အပိုင်းများကို သိမ်းပိုက်ရယူရန် လေသံပေးမျက်စောင်းထိုးပြခဲ့ခြင်းမှာ သက်ဆိုင်ရာနိုင်ငံတို့အတွက် နာသာခံခက်ဖြစ်စေသည်။ ထရမ့်၏ စကားနှုတ်ကျွံ့ အပြောလွန်တတ်သည့် ဝသီစရိုက်ဖြင့် လေထဲတွင် တိုက်အိမ်ဆောက်ပြခြင်းဖြစ်သည်ဟု ဆိုနိုင်စေကာမူ အမြဲပြောခံရသည့် နိုင်ငံများမှ ခေါင်းဆောင်များနှင့် ပြည်သူများအဖို့ မခံချိမခံသာ အမျက်ဒေါသ ထွက်ဖွယ်ရာများပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ၁၉ ရာစုကာလက အထွတ်အထိပ်ရောက်ခဲ့သည့် နယ်ချဲ့ဝါဒသည် ဒုတိယကမ္ဘာစစ်ကြီးနှင့်အတူ ပျက်သုဉ်းသွားခဲ့ပြီဖြစ်သည့်တိုင် အင်အားကြီးနိုင်ငံတို့အနေဖြင့် ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားနှင့် ယှဉ်လာပါက နယ်ချဲ့လိုစိတ်တို့ ရှိနေဆဲပင်ဖြစ်သည်ကို ဒေါ်နယ်ထရမ့်က ပြောင်ပြောင်တင်းတင်း သက်သေပြခဲ့ခြင်းဟု ယူဆရမည်လည်းဖြစ်သည်။ ထို့အပြင် နိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ကာ ၎င်းတို့၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများအတွက် လိုသလို ဖန်တီးခြေရှုပ်နေကြသည်ကိုလည်း သတိပြုကြရန်လိုသည်။

> “ ကမ္ဘာ့မြေပုံကိုကြည့်လျှင် ကမ္ဘာတွင် တတိယမြောက် အကျယ်ဝန်းဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် သတ္တမမြောက်အကျယ်ဝန်းဆုံး နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတို့၏အကြားတွင် နှစ်နိုင်ငံလုံးနှင့် ထိစပ်လျက် မြန်မာနိုင်ငံကို သေးသေးငယ်ငယ်ကလေး တွေ့ရှိနိုင်သည်။ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံလုံးတို့မှာ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးများဖြစ်ကြသည့်အပြင် စီးပွားရေးတွင်လည်း အင်အားကြီးနိုင်ငံများအဖြစ် လျင်မြန်စွာ တက်လှမ်းနေကြသည်။ ၂၁ ရာစုသည် အာရှ၏ ရာစုနှစ်ဟု ဆိုရလောက်အောင် ကမ္ဘာ့အချက်အချာသည် အာရှဆီသို့ ပြောင်းရွှေ့လျက်ရှိနေရာ ကမ္ဘာ့အင်အားပြိုင်ဆိုင်မှုများကလည်း ပထဝီအနေအထားအရ အချက်အချာကျသည့် မိမိတို့နိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် ကောင်းကင်ပြင်ပိုင်နက်နယ်နိမိတ်များနှင့် ဆက်စပ်လာနေသည်။ နိုင်ငံတိုင်း ၎င်းတို့နိုင်ငံ အစွန့်ရှည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို အခိုင်အမာ တည်ဆောက်လျက်ရှိရာ မိမိတို့သည်လည်း နောက်ကျ မကျန်ရစ်ဖို့လို ”

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်တွင် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်ပြီး ဝန်ကြီးချုပ်ရှိတ်ဟာဆီနာ ရာထူးမှ နုတ်ထွက်ကာ တိုင်းပြည်မှ ထွက်ပြေးသွားခဲ့ရသည်။ ယင်းပြဿနာ၏ နောက်ကွယ်တွင် အနောက်နိုင်ငံအချို့ ပါဝင်ပတ်သက်နေကြောင်း သတင်းများထွက်ပေါ်လာခဲ့ရာ ၎င်းတို့က ဘင်္ဂလားဒေ့ရှ်ပြည်တွင်းမှ အတိုက်အခံများ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားအချို့ကို အသုံးချခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုစဉ်က သတင်းများအရ အနောက်အုပ်စု၏ ခေါင်းကိုင်ဖခင်နိုင်ငံကြီးက မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့မှ ပိုင်နက်နယ်မြေများကို စုပေါင်းကာ ခရစ်ယာန်နိုင်ငံ တစ်ခုတည်ထောင်ရန် ကြိုးပမ်းနေကြောင်း ဝန်ကြီးချုပ်ရှိတ်ဟာဆီနာက ပြောကြားခဲ့သည်ဟုလည်း ဆိုသည်။ ဟိန္ဒူဘာသာဝင်အများစု နေထိုင်သည့် အိန္ဒိယ၊ အစ္စလာမ်ဘာသာဝင် အများစုနေထိုင်သည့် ဘင်္ဂလားဒေ့ရှ်နှင့် ဗုဒ္ဓဘာသာဝင် အများစု နေထိုင်သည့် မြန်မာနိုင်ငံတို့နှင့် ဆက်စပ်ရာဒေသတွင် ခရစ်ယာန်ဟူသော ခေါင်းစဉ်တပ်၍ နိုင်ငံတစ်ခုထူထောင်မည့်အကြံမှာ ဒေသတွင်း မတည်မငြိမ်ဖြစ်လာစေရန် ဖန်တီးခြင်းဖြစ်ပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများအဖြစ်သို့ တက်လှမ်းလာနေသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် အနောက်အုပ်စု၏ အခိုင်အမာ ခြေကုပ်ယူစရာနေရာကို ဖော်ဆောင်ခြင်းလားဟု စဉ်းစားဖွယ်ရာဖြစ်သကဲ့သို့ မြန်မာ့ပိုင်နက်နယ်နိမိတ်ကို တစ်လက်မမျှပင် ပွဲပါမသွားစေရန် ကာကွယ်စောင့်ရှောက်ဖို့လည်း သတိဖြင့် ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်သည်။

ရေပြင်နယ်နိမိတ်တွင်လည်း မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ၊ စစ်အခြေစိုက်စခန်း တည်ဆောက်မှုများ တစ်နိုင်ငံချင်းအနေဖြင့်လည်းကောင်း၊ နိုင်ငံအုပ်စုဖွဲ့၍ လည်းကောင်း ပိုမိုအာရုံစိုက်ပြုလုပ်လာကြသည်ကိုလည်း သတင်းများတွင် တွေ့ရှိနိုင်သည်။ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာပေါ်တွင် ဝါဒရေးရာ ဆန့်ကျင်ခြားနားမှုများကို အကြောင်းပြု၍ နိုင်ငံအုပ်စုနှစ်စုကြားတွင် စစ်ရေးအပြိုင်အဆိုင် တည်ဆောက်မှုများပြုလုပ်ပြီး ရန်စောင်တင်းမာခဲ့ကြသည့် စစ်အေးတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေးတို့တွင် ပြောင်းလွယ်၊ ပြင်လွယ်နိုင်စွမ်းမရှိသည့် အရှေ့အုပ်စုဝင် ပြည်ထောင်စုနိုင်ငံကြီးများ ပြိုကွဲသွားခြင်းအားဖြင့် စစ်အေးတိုက်ပွဲများ ပြီးဆုံးသွားခဲ့ချိန် အာရှတွင် **“ကြောင် ဖြူဖြူ မည်းမည်း၊ ကြွက်ဖမ်းနိုင်ဖို့သည်အဓိက”** ဟူသော ကြွေးကြော်သံဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကွန်မြူနစ်ဝါဒနှင့်ပေါင်းစပ်၍ အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကမ္ဘာ့စင်မြင့်ဆီသို့ တစ်လှမ်းချင်းတက်လှမ်းလာခဲ့သည်။ အာရှရာစုနှစ် အစပျိုးလာခြင်းသည် အနောက်အုပ်စု၏ ကမ္ဘာကြီးကို လွှမ်းမိုးမှုနိဂုံးချုပ်တော့မည့် နိဒါန်းပင်ဖြစ်ရာ အနောက်အုပ်စု နိုင်ငံတို့က ဘက်ပေါင်းစုံမှ အပြင်းအထန် ဆန့်ကျင်မှုများ ပြုလုပ်နေကြသည်ကို ကမ္ဘာ့မြင်ကွင်းတွင် နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရသည်။

**ယနေ့ မိမိတို့ဖြတ်သန်းနေကြရသည့် ကမ္ဘာကြီးတွင် နိုင်ငံတိုင်း ကိုယ်ခံအားကောင်းကြဖို့ လိုသည်။ အင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ပြည်တွင်းအင်အားဖြင့် တည်ဆောက်ထားကြရမည့် ခေတ်ကာလဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် မြို့/ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများပြုလုပ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိအောင် ဖန်တီးလျက်ရှိသည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းနေသည်ကို တွေ့ရသည်။**

ကချင်ပြည်နယ်တွင် KIA အကြမ်းဖက်သောင်းကျန်းသူများက PDF များနှင့် ပူးပေါင်း၍ တရုတ်-မြန်မာနယ်စပ်ဒေသ၊ ဗန်းမော်ဒေသ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း အင်းတော်ဒေသ၊ ကရင်ပြည်နယ်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ ကရင်ပြည်နယ် ကတိုင်တိဒေသ၊ မဲပလီဒေသ၊ အနန်းကွင်းဒေသ၊ ကော့ကရိတ်ဒေသ၊ ရခိုင်ပြည်နယ်တွင် AA အကြမ်းဖက် သောင်းကျန်းသူများသည် PDF များနှင့် ပေါင်း၍

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မကွေးတိုင်း- ရခိုင်ပြည်နယ်အစပ်၊ ပဲခူးတိုင်း- ရခိုင်ပြည်နယ်အစပ်၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အစပ်ဒေသများတွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ချင်းပြည်နယ်တွင် CNF သောင်းကျန်းသူများသည် PDF များနှင့် ပူးပေါင်း၍ မင်းတပ်၊ ကန်ပက်လက်နှင့် ဖလမ်းမြို့တို့ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

"အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေမှုသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခံရမှုအပေါ်တွင် မဲမသမာမှုပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းအချို့က လူထု၏ စိတ်ခံစားချက်ကို အသုံးချပြီး သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ခြင်းက အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAO များ အနေဖြင့်လည်း နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များနှင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့၏ အစွန်းရောက်ယူဆချက်များနှင့် ၎င်းတို့ လှုပ်ရှားသည့် နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများ ပြုလုပ်ခဲ့ကြောင်း" ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၃၁-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) တွင် ထည့်သွင်းရှင်းလင်းတင်ပြခဲ့သည်။

**❝ ယနေ့ မိမိတို့ဖြတ်သန်းနေကြရသည့် ကမ္ဘာကြီးတွင် နိုင်ငံတိုင်း ကိုယ်ခံအားကောင်းကြဖို့လိုသည်။ အင်အားတောင့်တင်းခိုင်မာသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ပြည်တွင်းအင်အားဖြင့် တည်ဆောက်ထားကြရမည့် ခေတ်ကာလဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် မြို့/ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများပြုလုပ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု မရှိအောင် ဖန်တီးလျက်ရှိသည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းနေသည်ကို တွေ့ရ ❞**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင် လူမျိုးရေးစိတ်ဓာတ်ကို အစွန်းရောက်သည်အထိ လှုံ့ဆော်မြှင့်တင်ခြင်း၊ လူမျိုးရေးမုန်းတီးမှု (အထူးသဖြင့် ဗမာမုန်းတီးရေး) ဖြစ်ပေါ်အောင် သွေးခွဲခြင်း စသည့် ပြည်ထောင်စုကြီးတွင် အတူနေထိုင်ကြသူများအကြား အန္တရာယ်ကြီးမားသည့် လုပ်ရပ်များကို ပြုလုပ်နေကြခြင်း ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများစွာ အတူတကွ စုစည်းနေထိုင်ကြသည့် နိုင်ငံ၊ ပြည်ထောင်စုကြီး၏ တစ်ခုတည်းသော နယ်နိမိတ်အတွင်း တောတောင်ရေမြေတို့ တစ်ဆက်တစ်စပ်တည်းတည်ရှိကာ လူမှုစီးပွားဘဝများလည်း ခွဲခြား၍မရသည့် နိုင်ငံတွင် လူမျိုးရေး ခွဲခြားမှုနှင့် အမုန်းတရားများ ဖန်တီးခြင်းမှာ မိုက်မဲလွန်းခြင်းပင်ဖြစ်သည်။

လူမျိုးတစ်မျိုးနှင့် တစ်မျိုးကြား "ရန်"ဟူ၍ သတ်မှတ်လိုက်သည်နှင့် ယုံကြည်မှု၊ ရင်းနှီးမှု၊ ချစ်ခင်မှု၊ သံယောဇဉ်တရားနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုတို့ ပျောက်ကွယ်၍ ပျက်စီးခြင်းနှင့်သာ နိဂုံးချုပ်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ဈေးများစသည်ဖြင့် ပျက်စီးဆုံးရှုံးမှု ပမာဏများစွာ ကြီးမားသကဲ့သို့ပင် အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ပြည်သူတို့၏ အခွင့်အရေးများစွာတို့လည်း ဆုံးရှုံးနေရသည်။

ပစ္စက္ခကာလ ပြည်တွင်းပြည်ပ အခြေအနေအရပ်ရပ်တို့က မိမိတို့နိုင်ငံ အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အန္တရာယ် အချိန်မရွေးကျရောက်လာနိုင်သည်ကို တွေ့ရှိနိုင်သည်။ လွန်ခဲ့သည့် ၇၇ နှစ်က ရရှိထားခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွဲမြဲခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုပေါင်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်းကြောင့်သာ ယခုတိုင် တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေမည့်ဘေးရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမည့်ဘေးရန်၊ အချုပ်အခြာအာဏာ ဆုံးရှုံးမည့်ဘေးရန်တို့မှာ အတွင်းရန်၊ အပြင်ရန်များအဖြစ် ခေတ်အဆက်ဆက်တွင်လည်းရှိခဲ့သလို ပစ္စုပ္ပန်တွင်ရှိဆဲ၊ အနာဂတ်တွင်လည်း ရှိနေနိုင်သည်သာဖြစ်ရာ မိမိတို့ဘိုးဘွားများက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့်နည်းတူ မိမိတို့သည်လည်း တာဝန်ကျေပွန်ကြရမည်ဖြစ်သည်။

ခန္ဓာကိုယ်တွင် ကိုယ်ခံအားစနစ် အားနည်းလျော့ကျပါက ပြင်ပရောဂါမျိုးစုံတို့ ဝင်ရောက်လာသည့် သဘောကို နှလုံးမူ၍ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအင်အား လျော့နည်းကျဆင်းလာပါက ပြည်ပပယောဂ ပေါင်းစုံတို့ ဝင်ရောက်လာနိုင်သည်ကို ဆင်ခြင်မြော်တွေးကာ ပြည်တွင်းအင်အားကို စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ထားကြရမည်လည်း ဖြစ်သည်။

ပယောဂမကင်းသည့် စိတ်ဝမ်းကွဲပြားမှုများနှင့် ပဋိပက္ခများကို ဆန့်ကျင်ပယ်ရှားကာ ဘိုးဘွားတို့၏ အမွေ ပြည်ထောင်စုစိတ်ဓာတ်ကို မိမိတို့၏ နှလုံးသားတွင် ထာဝစဉ်စွဲမြဲစွာခံယူ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေး၊ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အားလုံး၏ စုပေါင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဟူ၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဇန်နဝါရီလအတွက် မီတာဖတ်ရှုနေမှုများ စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ (၁/၂၀၂၅) လအတွက် မီတာဖတ်ရှုနေမှုများကို ဖေဖော်ဝါရီ ၃ ရက်က ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့သို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ဓာတ်အားဖြန့်ဖြူးထားမှု၊ အိမ်ရာများတွင် Check မီတာများတပ်ဆင်ထားမှု၊ ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားခကြွေးကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မီတာယူနစ်များအား စနစ်တကျမှန်ကန်စွာဖတ်ရှု၍ မှတ်တမ်းရေးသွင်းရေး၊ မီတာချွတ်ယွင်းမှုများတွေ့ရှိပါက သတ်မှတ်ထားသည့် လျှပ်စစ်ပုံစံတွင် စနစ်တကျရေးသွင်း၍ တာဝန်ရှိသူအဆင့်ဆင့်ထံ စနစ်တကျတင်ပြရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်အရေးယူရေး၊ စီးပွားရေးလုပ်ငန်းများ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရရှိရေး၊ မီတာယူနစ်ဖတ်ချက်များမှန်ကန်စေရေး၊ ဓာတ်အားခကောက်ခံရရှိငွေများအား လေလွင့်ဆုံးရှုံးမှုများမဖြစ်စေရေးအတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်**

## လက်ပံတန်းမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**လက်ပံတန်း ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပရာ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိုက်က သစ်တောနှင့် ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပြီး တောအုပ်ကြီး ဦးမြတ်သူရဇော်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့သည်။ **အောင်ဆင့်**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြော

**သထုံ ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင်အခြေခံပညာမူလတန်းလွန်ကျောင်း (ဝါးတော)မှ ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသူက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် ပြည်ထောင်စု၏အဓိပ္ပာယ်၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ခြင်းစသည်တို့ကို အသိပညာပေးဆွေးနွေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ပုံပြင်ပြော၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်၊ စာစီစာကုံးပြိုင်ပွဲများကို ပြုလုပ်ပေးရာ အခြေခံပညာမူလတန်းလွန်ကျောင်း(ဝါးတော)နှင့် အခြေခံပညာ မူလတန်းလွန်ကျောင်း(မော်ကျော့)တို့မှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းသစ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ဖွင့်လှစ်



တောင်ကြီး ဖေဖော်ဝါရီ ၆

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ်(AC) လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားအတက်လမ်းသစ် ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ရွှေဘုန်းပွင့်ဘုရား အတက်လမ်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စိန်နှင်းဆီသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လွိုင်ခမ်းအဆင့်မြင့်အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်၊ ရွှေဘုန်းပွင့် ဘုရားဂေါပကအဖွဲ့ ဦးခင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က စိန်နှင်းဆီသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လွိုင်ခမ်း အဆင့်မြင့်အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်အား ဂုဏ်ပြုမှတ်တမ်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တောင်ကြီးရုံးခွဲ)၊ ပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး၊ အထက(၄) ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကိန္နရီ၊ ကိန္နရာအကအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား တင်လှူပူဇော်မည့် ထီးတော်စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြသည်။

ထို့နောက် စေတီတော်ဓမ္မာရုံ၌ ကျင်းပသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပွဲသို့ တက်ရောက်ရာ နိုင်ငံတော် ဩဝါဒါစရိယ၊ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာန စရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကလောမြို့နယ် ဟဲဟိုး- ဘောဆိုင်းလမ်းမှ တောင်မြေခြား-မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ်(၁/၆.၈၂)မိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား၊ မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆.၈၂)မိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အဖွင့်အမှာစကားပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းတံတားများနှင့် ကတ္တရာလမ်းသစ် (၁/၆.၈၂)မိုင်ဆောင်ရွက်ခဲ့မှုများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်က ရှင်းလင်းတင်ပြကာ ဒေသခံကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အလုပ်သမားရေးရာ ဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး ကော်မတီဝင်များ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)တို့မှ တာဝန်ရှိသူများ၊ NSSA အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့မှ အလုပ်အကိုင် ရှစ်မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၆၂ ဦး၊ အလုပ်အကိုင် ၁၆ မျိုးအတွက် စစ်ဆေးအကဲဖြတ်ရေးဌာန ၂၁ ခုနှင့် အလုပ်အကိုင် သုံးမျိုးအတွက် စစ်ဆေးအကဲဖြတ်သူ ကိုးဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်းနှင့် အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်လုပ်သားများအနေဖြင့် မိမိစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် တိုက်တွန်းပါကြောင်း မှာကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြုလက်မှတ်များကို ကာယကံရှင်များထံ ပေးအပ်သည်။ **(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် MAO FENG Garnments Co.,Ltd.၊ HUAFA (Myanmar) Garnment Co.,Ltd. နှင့် Myanmar Dongtai Co.,Ltd. စက်ရုံများသို့ သွားရောက်၍ လုပ်ငန်းခွင်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် လေးစားယုံကြည်မှုဖြင့် ညှိနှိုင်းဖြေရှင်းရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းခွင် အေးချမ်းသာယာ၍ ကုန်ထုတ်စွမ်းအားတိုးတက်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများအား ရင်းရင်းနှီးနှီး အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ် ဆေးဝါးများတိုက်ရိုက်ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဆေးဝါးသုံးစွဲသူပြည်သူအများ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ဆေးဝါးများမပြတ်လပ်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဆောက်အအုံ၌ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဒုတိယအကြိမ် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဆေးဝါးတိုက်ရိုက်ရောင်းချပွဲကို ဖေဖော်ဝါရီ ၇ ရက်အထိ ငါးရက်ကြာ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆေးကုမ္ပဏီ ၆၁ ခုက ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသရောင်းချခြင်းဖြစ်သည်။

ယင်းသို့ ဆေးဝါးဝယ်ယူရာ၌ ဝယ်ယူမရရှိခြင်းများနှင့် အခြားသောအခက်အခဲများရှိနိုင်ခြင်းတို့အပြင် ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသော အလားတူ ဆေးဝါးများကို စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်၊ လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့် ဆေးဝါးနားလည်ကျွမ်းကျင်သူများထားရှိကာ ဝန်ဆောင်မှုပေး ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း အရောင်းစင်တာများကိုလည်း ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါ ဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကလောမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကလော ဖေဖော်ဝါရီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကလောမြို့နယ် ကလောဘူတာအနီးတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ကလောချောင်း မူလနယ်နိမိတ်မြေတိုင်းတာပြီးစီးမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလောချောင်းဘေးမြေကာနံရံ ကိုးပေအမြင့် ဆောင်ရွက်နေမှု၊ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော ရေအေးကန် ရေပေးဝေရေး ပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရေအေးကန် သွားလမ်းနှင့် တမံချဉ်းကပ်လမ်းပြင်ဆင်ဆောင်ရွက်မှု၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် ကလောမြို့ မောမြေဦးပန်းခြံအတွင်း ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှု မှတ်တမ်းများ ဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာတွင် သဘာဝဘေးဒဏ်ကြောင့် လျှိုအတွင်း ရေထွက်ပေါက်မရှိဘဲ ထူးပေါက်ပိတ်ဆို့မှုကြောင့် ရေစီးဆင်းနိုင်ရန် ရေနုတ်မြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒေသခံများက ရေအမြန်ကျဆင်းစေရေးအတွက် ရေမြောင်းတူး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



## မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ထားဝယ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုလည်း တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ၂၀၂၅ ခုနှစ်တွင် တင်သွင်းမည့် NDCs 2nd Update အစီရင်ခံစာ၌ ကဏ္ဍစုံပါဝင်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ စွမ်းအင်၊ စက်မှု၊ စွန့်ပစ်ပစ္စည်းကဏ္ဍတို့အပါအဝင် အခြားဆက်စပ်ကဏ္ဍများ ထပ်မံထည့်သွင်း ရေးဆွဲသွားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် ရေးဆွဲချမှတ်ပြီးဖြစ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများကို သက်ဆိုင်ရာဌာနအသီးသီး၏ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ဟန်ချက်ညီညီပေါင်းစပ်ပြီး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် မိမိတို့ဌာန၏ မူလရည်မှန်းချက် တာဝန်များနှင့်ပေါင်းစပ်ပြီး ရေတို၊ ရေရှည်လုပ်ငန်းများကို ဦးစားပေးအလိုက် သတ်မှတ်၍ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးအကြံပေးကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် တိုးတက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လုပ်ငန်း ကော်မတီဝင်များက ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင်များ ဖြစ်သည့် သက်ဆိုင်ရာဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများက in person/ virtual ဖြင့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



### ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၆**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အဝင်မုခ်ဦး၊ Photo Booth ၊ Interview Booth၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet) နေရာများ၊ ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား အမည်များ ပြသထားရှိမှု၊ အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ၌ အကယ်ဒမီ ဆုပေးပွဲစင်မြင့် ပြင်ဆင်ထားရှိမှု၊ အသံစနစ်နှင့် မီးစနစ်များ တပ်ဆင်ပြီးစီးမှု၊ Stage LED Screen နှင့် LED ဘုတ်များ တပ်ဆင်မည့်နေရာများ၊ နေရာထိုင်ခင်းများနှင့် မီဒီယာဇုန် သတ်မှတ်ထားသည့် နေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အနုပညာရှင်များကို အလေးထား တန်ဖိုးထားသည့်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာ ကိစ္စရပ်များ လစ်ဟာမှုမရှိအောင် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် အခမ်းအနားအစီအစဉ်များအလိုက် ကြိုတင်လေ့ကျင့်မှုများကို စနစ်တကျစီမံဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသောတုံ့ပြန်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသောတုံ့ပြန်မှု (One ASEAN One Response– OAOR Roadshow) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် AHA Centre တို့ ပူးပေါင်း၍ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားကို Video Message ဖြင့် ပြောကြားရာ One ASEAN One Response ကြေညာစာတမ်းကို အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management– ACDM) နှင့် AHA Centre တို့က အကောင်အထည် ဖော် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်း ဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း၏သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်စဉ်များတွင် နိုင်ငံတော်မှ ထိရောက်သည့် တုံ့ပြန်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် အာဆီယံသည် AHA Centre မှတစ်ဆင့် ဘေးသင့်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်းများအတွက် နိုင်ငံတော်နှင့် ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ၏ One ASEAN One Response ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း ပင်ဖြစ်ပါကြောင်း ပြောကြားသည်။

**သိရှိလိုသည်များမေးမြန်း**

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်အားလည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများအားလည်းကောင်း၊ AHA Centre က အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံက ရေးဆွဲထားရှိသော စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ (SASOP) ကိုလည်းကောင်း၊ အာဆီယံဆက်ဆံရေးရုံးနှင့် အင်ဒိုနီးရှားနိုင်ငံ UNOCHA က အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN–ERAT) နှင့် ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ဆန်းစစ်လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (UNDAC) အဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က နိဂုံးချုပ်အမှာစကားပြောကြားကာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ UNOCHA ၏ အာဆီယံဆက်ဆံရေးရုံးနှင့် အင်ဒိုနီးရှားနိုင်ငံရုံး အကြီးအကဲနှင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မိုင်းဖြတ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးခြင်း၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးဌာန၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန (ကျိုင်းတုံ) မှ ဌာနခွဲတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် မြို့နယ်လေလံရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးထွန်းရွှေက အမှာစကားများ ပြောကြားသည်။ ယင်းနောက် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးကျော်နိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် မြို့နယ်စည်ပင်သာယာရေးဌာန၏ လိုင်စင်စည်းကမ်းချက်များကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ထွန်းဇော်ဝင်းက သားသတ်လုပ်ငန်း လိုင်စင်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ် အခွင့်အရေးလုပ်ငန်းလိုင်စင် ခုနစ်ခုအနက် သက်တမ်းတိုး မြို့ဝင်ဘီးခွန်ကောက်(၁)၊ ဈေးပြိုင်စနစ်ဖြင့် မြို့ဝင်ဘီးခွန်ကောက်(၂)၊ အပေါင်ဆိုင်လုပ်ငန်း၊ စက်ဘီးဆိုင်ကယ်အင်္ဂါတ်၊ မြို့မဈေးကောက်လုပ်ငန်း၊ လမ်းဘေးဈေးကောက်လုပ်ငန်း၊ ကျွဲနွားပွဲဈေးကောက်လုပ်ငန်းလိုင်စင်များကိုလည်းကောင်း၊ သားသတ်လုပ်ငန်း လိုင်စင်ငါးခုဖြစ်သည့် မြို့မဝက်(၁)၊ မြို့မဝက်(၂)၊ ဟိုနား ဝက်သားသတ်လုပ်ငန်း၊ ဝမ်ပုံဝက်သားသတ်လုပ်ငန်း၊ မြို့မ အမဲသားသတ် လုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ပြီး



လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး (မိုင်းဖြတ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများအား တွေ့ဆုံမှာကြား





**နေပြည်တော် ဖေဖော်ဝါရီ ၆**

မိမိတို့၏ဌာနလုပ်ငန်းများ မြင့်တင်ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားရေးကို ကြိုးစားဖြည့်ဆည်းကြရန်နှင့် နိုင်ငံတော်၏ မီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွေးခေါ်ကြံဆမှုများ ရင့်သန်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ပြောကြားသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း မှာကြားခဲ့ခြင်းဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို စဉ်ဆက်မပြတ် သိရှိအောင် လေ့လာနေကြရန်နှင့် တိုးတက်လာသည့် နည်းပညာများကို အသုံးပြု၍ သတင်းတု၊ သတင်းမှားများကို ချေဖျက်ပြီး ပြည်သူများထံ သတင်းမှန် ရောက်ရှိစေရေးအတွက် အစဉ်မပြတ် ကြိုးစားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက်လည်း သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ လူငယ်များ၏ အသိပညာ၊ ဗဟုသုတတိုးပွားစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးတို့အတွက် အသိပညာပေးဟောပြောပွဲများ၊ စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးသည် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရန်နှင့် ကဏ္ဍပေါင်းစုံမှ ကြိုတင်ပြင်ဆင်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု၊ စာကြည့်တိုက်ဝန်ဆောင်မှုနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု၊ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များဆောင်ရွက်နိုင်မှု၊ သတင်းမှန်များပေးပို့ဖော်ပြနိုင်မှု၊ မူပိုင်ခွင့်မှတ်ပုံတင်နှင့် ရုပ်ရှင်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု၊ တစ်နှစ်တာကာလအတွင်း တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**လေ့လာဆည်းပူး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာကြည့်တိုက်များ၏ လိုအပ်ချက်များကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အသိပညာ၊ ဗဟုသုတများ၊ လုပ်ငန်းရေးရာများ၊ ခေါင်းဆောင်မှု ပညာရပ်များ စသည်တို့ကို အစဉ်မပြတ် လေ့လာဆည်းပူးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသအသီးသီးရှိ ဝန်ထမ်းများအတွက် ဝတ်စုံများ ပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲညှိနှိုင်းမှုကော်မတီ ဒုတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာ - ရုရှား နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲညှိနှိုင်းမှုကော်မတီ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက Hybrid စနစ်ဖြင့် ကျင်းပရာ ကော်မတီပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSATOM) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။






အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအပြင် ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာ ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက In person ဖြင့် တက်ရောက်ကြပြီး ROSATOM မှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ရေးထိုးပြီး MoU အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နျူကလီးယားစွမ်းအင်ဆိုင်ရာ ဥပဒေမူဘောင်နှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ နျူကလီးယားနည်းပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေရှည်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားသာယာဝပြောရေး အထောက်အကူပြု သိပ္ပံနှင့်နျူကလီးယားနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲ ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၃ ရက်အထိ ခင်းကျင်းပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

စာအုပ်နှင့် ပန်းချီအနုပညာ ချစ်မြတ်နိုးသူများနှင့် စိတ်ဝင်စားကြသူများ တစ်နေရာတည်းတွင် စုံလင်စွာ လေ့လာကြည့်ရှုဝယ်ယူနိုင်ကြမည့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရှိ မြဝတီမီဒီယာစင်တာ၌ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည့် အဆိုပါ စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသောအားဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် အထူးအစီအစဉ်များကိုလည်း ထည့်သွင်းထားကာ စာရေးဆရာများ၊ ပန်းချီဆရာများနှင့် ပရိသတ်များ တွေ့ဆုံမိတ်ဆက်မေးမြန်းသည့် အစီအစဉ်များ၊ Live ရေးဆွဲမည့် ရုပ်ပြောင်ပန်းချီ Caricature အစီအစဉ်များ နှင့် အခြားစိတ်ဝင်စားစရာများကို ထည့်သွင်းထားကြောင်း သိရသည်။ အရောင်းပြပွဲလာ ပရိသတ်များ အလွယ်တကူ စားသောက်နိုင်ရန်အတွက် စားသောက်ဆိုင်များကိုလည်း တွဲဖက်ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ရောင်းချပေးရန်စီစဉ်**

မြဝတီမီဒီယာစင်တာ Public Access Media Centre တွင် စာအုပ်များကို အထူးလျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အခြားသော စာအုပ်များကိုလည်း အရောင်းပြပွဲကာလအတွင်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးရန် စီစဉ်ထားသည်။

**ပါဝင်ဆောင်ရွက်**

ယခုပွဲသည် မြဝတီမီဒီယာစင်တာဝင်းအတွင်း ပထမဆုံးပြုလုပ်သည့် အရောင်းပြပွဲဖြစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်သူတိုးပွားလာရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုကို**



# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ ပို့ဆောင်ရေးနှင့် မိတ်ဖက်များဆိုင်ရာ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ပို့ဆောင်ရေးနှင့် မိတ်ဖက်များဆိုင်ရာ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ဝန်ကြီးဌာနနှင့် ICRC တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ICRC မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သာကေတမြို့နယ်လူငယ်စင်တာအား ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လူငယ်ရေးရာကော်မတီမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၅ ရက်က သာကေတမြို့နယ်ရှိ လူငယ်စင်တာကိုကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက စင်တာတည်ဆောက်ထားရှိမှု၊ စင်တာတွင် လူငယ်များနှင့် စပ်လျဉ်းသည့် အားကစားပွဲများ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဟောပြောပွဲများ၊ လူငယ်ရေးရာသင်တန်းများနှင့် လူငယ်များအတွက် ဘက်စုံအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းလွှဲယူနိုင်မည့် လူငယ်များသည် စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်နိုင်မှုနှင့် စိတ်ဓာတ်ရေးရာမြင့်မားခိုင်မာသည့် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာနိုင်ရေးနှင့် အဆိုပါလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန် တိုးတက် ဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ ပူးပေါင်း၍ ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားပြီး စင်တာအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

အတွက် နေ့စဉ်သုံးစွဲမှုပမာဏအပြင် အရန်ဆီအနေဖြင့် တစ်လစာခန့် တင်သွင်းသိုလှောင်ထားရှိပြီး သီလဝါမှ နိုင်ငံတစ်ဝန်းသို့ လုံလောက်သော ဆီတင်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းဖြန့်ဖြူးရောင်းချပေးနေကာ ဒေသအသီးသီးရှိ ပြည်သူများသည် စက်သုံးဆီပြတ်လပ်မှုမရှိဘဲ လိုအပ်သည့်နေရာတွင် လိုအပ်သည့် ပမာဏကို လွယ်ကူအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရန် စီမံထားရှိသည့်အတွက် စက်သုံးဆီဈေးနှုန်းများသည်လည်း ယခင်ကထက် တစ်လီတာလျှင် ၈၅ ကျပ်မှ ၁၁၅ ကျပ်အထိ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

**ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးမည်**

အလားတူ စားအုန်းဆီ ဈေးနှုန်းသည် ယခင်တစ်ပိဿာ ရည်ညွှန်းဈေးနှုန်း ငွေကျပ် ၇၂၈၀ မှ ယခုအပတ်တွင် ၇၁၆၅ ကျပ်အထိ ဆက်တိုက်ကျဆင်းလျက်ရှိပြီး နိုင်ငံတကာဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးသွားမည် ဖြစ်သည့်အပြင် ရန်ကုန်ဆီကန် အထိုင်ရည်ညွှန်းဈေးနှုန်းကိုလည်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ အပတ်စဉ်သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီး၌ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

## တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံရရှိရေး ပူးပေါင်းဆောင်ရွက်



ပဲခူး ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို ဖတ်ကြားရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းအဆင့် ဌာနဆိုင်ရာများအနေဖြင့် လစဉ်အစီရင်ခံစာတွင် ယခင်လနှင့် ယခုလ တိုးတက်မှုနှိုင်းယှဉ်ချက်များနှင့် ပတ်သက်၍ စာရင်းဇယားအချက်အလက် မှန်ကန်ရေးသည် အလွန်အရေးကြီးကြောင်း၊ ဌာနဆိုင်ရာအလိုက် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံရရှိရေး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လစဉ်ဟန်ချက်ညီညီ တိုးတက်လာစေရေး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ စာမေးပွဲဖြေဆိုရန် နီးကပ်လာပြီဖြစ်၍ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်စေရေး အားကစား၊ နည်းပညာ၊ ယဉ်ကျေးလိမ္မာစသည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို ထိထိရောက်ရောက် ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုင်စင်မဲ့ မော်တော်ယာဉ် မော်တော်ဆိုင်ကယ်စီးနင်းမှုမရှိစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ အခွန်ဘဏ္ဍာငွေဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၊ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက ရုံးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နေမှုအခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လစဉ်တိုးတက်မှုနှိုင်းယှဉ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာ တစ်ခုချင်းအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ဒေးဒရဲ ဖေဖော်ဝါရီ ၆

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ပဆင - တညင်ကုန်း - သဲကုန်း - ကုန်းတန်းကလေး ကျေးရွာချင်းဆက်လမ်း ခင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာချင်းဆက် လမ်းပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းက ကွန်ကရစ်လမ်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်တို့က ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက် လမ်းအရှည် (၀/၂ ဒသမ ၅၇)မိုင် အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သိဒ္ဓိအောင်

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။




၈ - ၂ - ၂၀၂၅ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၆) တွင် အပင်များကို ဖျက်ဆီးမိသည့် ဖြိုးရဲသည် သူ့လုပ်ရပ်မှားကြောင်း သိရှိသွားပုံကို သရုပ်ဖော်ထားသည့် "ခွင့်လွှတ်ပါ ဖေဖေ" မျက်နှာဖုံးကာတွန်း၊ အာကာသထဲရှိ တွင်းနက်များအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "အာကာသ တွင်းနက်များ" သုတဆောင်းပါးကဏ္ဍ၊ အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ နောင်ဖြစ်လာမည့် အကျိုးဆက်များကို တွေးတောဆင်ခြင်၍ ဆောင်ရွက်သင့်ကြောင်း သရုပ်ဖော်ထားသည့် "စဉ်းစားပြီးမှ လုပ်ပါ" နှစ်မျက်နှာကာတွန်း၊ စိတ်ထားကောင်း၍ ကူညီတတ်သူဖြစ်သော်လည်း မစူးစမ်း မဆင်ခြင်မှုကြောင့် အမှားတွေ့ရသည့် ညိုချောအကြောင်းကို သရုပ်ဖော်ထားသည့် "ညိုချော" နှစ်မျက်နှာကာတွန်း၊ သားသမီး သုံးယောက်၏ လိမ္မာယဉ်ကျေးပုံ၊ စေတနာနှင့် သဒ္ဓါတရားရှိပုံတို့ကြောင့် ဝမ်းသာပီတိဖြစ်ရသည်ကို ရေးသားထားသည့် မိဘနှစ်ပါးအကြောင်း "အဖေ အမေတို့၏ အပြုံးပီတိ" ဝတ္ထုကဏ္ဍ၊ လင်းသစ်စိတ်နှစ်ပြီးဖတ်သည့် စာအုပ်မှာ သရဲဝတ္ထုဖြစ်သည့်အကြောင်း သရုပ်ဖော်ထားသည့် "လင်းသစ်" တစ်မျက်နှာကာတွန်း၊ ဆေးဆရာ မောင်နတ်၏ အသိဉာဏ်နည်းပါးသည့်အကြောင်းကို ရေးသားထားသည့် "ဆေးဆရာ မောင်နတ်" ပုံပြင်ကဏ္ဍ၊ ရေးဦးသူနာပြုစုနည်းကို လေ့လာထားသင့်သလို၊ မြန်မာ့တိုင်းရင်းဆေးကိုလည်း သိထားသင့်ကြောင်း သရုပ်ဖော်ထားသည့် "တိုင်းရင်းဆေး" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားဆိုသည်မှာ ကျောင်းစာမှလွဲ၍ တခြားအကြောင်းအရာများကို မစဉ်းစားသင့်ကြောင်း ရန်ပိုင်စိုးကို ဦးလေးက ဆုံးမထားသည်ကို သရုပ်ဖော်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ တိုင်းရင်းသားများ သစ္စာပြုဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရန်နှင့် အစွန့်ရှည်ရေးကို ဝိုင်းဝန်းကာကွယ်ပေးကြရန် ရေးဖွဲ့ထားသည့် "ချစ်သောပြည်ထောင်စု" ကဗျာကဏ္ဍ၊ အင်္ဂလိပ်စာအနေနဲ့ တိုက်ခန်းငှားရမ်းသည့်အခါ ငှားရမ်းခဈေးနှုန်းကို အပြန်အလှန်ညှိနှိုင်းပြောဆိုပုံရေးသားထားသည့် ပြောဆိုပုံဖြင့် ရေးဖွဲ့ထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ အပါအဝင် ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ စုံစုံလင်လင် ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ အားကစားပြိုင်ပွဲဖွင့်

ပခုက္ကူ ဖေဖော်ဝါရီ ၆

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ်ရှိ မိုးလုံလေလုံ အားကစားရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဇော်ဇော်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲနှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပခုက္ကူပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသားသင်တန်းသူများက အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး အားကစားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် စားပွဲတင်တင်းနစ် (အမျိုးသား) ပြိုင်ပွဲ ကျင်းပသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ လွန်ဆွဲပွဲ၊ Fitness Dance ပြိုင်ပွဲများပါဝင်ပြီး ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး





မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်လျက်ရှိမှုကို တွေ့မြင်ရစဉ်။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသားအချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များ အပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်းတွေ့ရှိရပြီး နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့သည် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ ကျူးလွန်စေရန် ငွေကြေးမက်လုံးပေးစည်းရုံးမှုများဖြင့် အဓမ္မလူကုန်ကူးခြင်းခံထားရသည့် တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦးတို့အား ဖော်ထုတ်ရရှိသဖြင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားနေရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်






နိုင်ခဲ့ကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် ကွန်ပျူတာနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ ဘာသာပြန်လုပ်ငန်းများအား လစာငွေအများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး တရားမဝင်ကျားဖြန့်လုပ်ငန်းမှ ကိုယ်စားလှယ်များက ထိုင်း-မြန်မာ နယ်စပ်ရှိ သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်းရှိ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်း ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားအရေးယူခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများအပါအဝင် နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း ၎င်းကိစ္စရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးဆက်သွယ် သတင်းပေးပို့ခြင်းဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် သတင်းရရှိသည်။

**သတင်းစဉ်**

## ဒဂုံတက္ကသိုလ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ တိုင်းရင်းသားအစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲကို ယနေ့နံနက်ပိုင်းကကျင်းပခဲ့ရာ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဒဂုံမြို့သစ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုးနှင့် ဧည့်သည်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ဒဂုံမြို့သစ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုးက စာပေယဉ်ကျေးမှုနှင့်ပြည်ထောင်စုခေါင်းစဉ်ဖြင့် ဟောပြောရာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်က အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

**ဇွဲမင်းထက်(ပြန်/ဆက်)**



# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ်

**---- ဦးဇော်(DoTP) ----**

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်များ ထုတ်ပေးနေမှုအခြေအနေ...**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် **“ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အများပြည်သူအား ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည်လည်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို “ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ” နှင့်အညီ စနစ်တကျ စိစစ်ထုတ်ပေးနေပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍစနစ်တကျရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ယူထုတ်ပေးလျက်ရှိသော ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ (Domestic Operator Licenses – DOLs) ထုတ်ပေးရာတွင် ပိုမိုထိရောက်သော လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ရေးနှင့် နိုင်ငံတော်၏ e–Government စနစ်များအား အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အများပြည်သူတို့အနေဖြင့် Online စနစ်အသုံးပြု၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းနှင့် မိတ္တူထုတ်ယူခြင်း (ပျောက်ဆုံး/ပျက်စီး) အပါအဝင် လုပ်ငန်းရပ်များကို အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာစနစ်ရေးဆွဲကာ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကွန်ပျူတာစနစ်ရေးဆွဲခြင်းကို အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ စမ်းသပ်ကာလကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ ၂၀၂၅ ခုနှစ် ဧပြီလမှစ၍ ပထမအဆင့်အဖြစ် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို စတင်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို နေပြည်တော် ပြည်ထောင်စုနယ်မြေရုံးနှင့် ကျန်ဒေသရုံးခွဲများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ တတိယအဆင့်တွင် ကျန်ရှိသော လုပ်ငန်းလိုင်စင်အသစ်လျှောက်ခြင်း၊ ယာယီလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ မိတ္တူလျှောက်ထားခြင်း၊ လုပ်ငန်းလိုင်စင်ဖျက်သိမ်းခြင်း စသည်တို့ကို ကွန်ပျူတာစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ၂၀၂၆ ခုနှစ် ဧပြီလမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ တွဲဖက်ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ရုံးများ အားလုံးတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို လုပ်ငန်းဆောင်ရွက်သူ/လုပ်ငန်းရှင်များက လုပ်ငန်းလိုင်စင်ကိစ္စရပ်များကို ရုံးသို့ လာရောက်ဆောင်ရွက်ရန် မလိုတော့ဘဲ Online မှတစ်ဆင့် လျှောက်ထားရယူနိုင်တော့မည်ဖြစ်ပါသည်။

**ကွန်ပျူတာစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေ**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application and Registration System – DOLARS) အား အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP) ဖြင့် ကွန်ပျူတာစနစ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနအဆင့်ဆင့်၏ခွင့်ပြုချက်နှင့် လမ်းညွှန်ချက်များ ရယူဆောင်ရွက်ခဲ့ကာ တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်များကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး နောက်ဆုံးအဆင့်တွင် တင်ဒါအောင်မြင်ခဲ့သော Secure Link Co., Ltd. နှင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆို၍ လုပ်ငန်းတည်ဆောက်ရေးကာလ၏ ပထမ ၆ လအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

လုပ်ငန်းအကောင်အထည်ဖော်ခြင်း၏ ပထမ ၆ လတွင် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့အတွက် လျှောက်ထားခြင်း၊ ငွေပေးသွင်းခြင်းတို့အား ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် မန္တလေးတိုင်းဒေသကြီးရုံးတို့တွင် Online စနစ်ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ ကုမ္ပဏီမှ ကွန်ပျူတာစနစ်နှင့်စပ်လျဉ်း၍ Program ကို စမ်းသပ်အသုံးပြုပြီး လိုအပ်သလိုပြင်ဆင်ခြင်း၊ စနစ်ဖြင့် တွဲဖက်အသုံးပြုမည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ (Hardware) တပ်ဆင်ခြင်းနှင့် ဌာနရှိ ဝန်ထမ်းများအား စနစ်အသုံးပြုနိုင်ရန်အတွက် System Training နှင့် System Testing များ ဖြစ်သည့် User Acceptance Test (UAT) အဆင့်များကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ထုတ်ပေးလျက်ရှိသော လုပ်ငန်းလိုင်စင်အမျိုးအစားများ**

ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနအနေဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲ၍ ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင် ("က"လိုင်စင်)၊ ခရီးစဉ် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("ခ"လိုင်စင်)၊ စင်းလုံးငှားခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("ဂ" လိုင်စင်)၊ ပဋ္ဌိညာဉ်အရသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်("ဃ"လိုင်စင်)၊ ကိုယ်ပိုင်စီးပွားရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("င" လိုင်စင်) တို့ကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (သို့မဟုတ်) ၎င်းတို့၏ ကိုယ်စားလှယ်များက Online စနစ်အသုံးပြု၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ Online Service Portal ဖြစ်သည့် www.dotp.gov.mm သို့ ဝင်ရောက်ကာ Menu Bar ရှိ “လိုင်စင်လျှောက်ထားခြင်း” Feature မှတစ်ဆင့် မိမိ၏ အီးမေးလ်ကိုအသုံးပြု၍ မှတ်ပုံတင်ဝင်ရောက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စနစ်အသုံးပြုပုံ (User Manual Guide) ကိုလည်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ အင်တာနက်စာမျက်နှာတွင် Download ရယူပြီး ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**အများပြည်သူသိရှိနိုင်ရန် အသိပညာပေးဆောင်ရွက်နေမှု အခြေအနေ**

နိုင်ငံတော်၏ e–Government စနစ်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာန၊ အဖွဲ့အစည်းများနှင့် အများပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးပါသဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ Online စနစ်အသုံးပြု၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အများပြည်သူ ကျယ်ပြန့်စွာသိရှိနိုင်ရန် ရှင်းလင်းဆွေးနွေးခြင်းနှင့်အသိပညာပေးခြင်း လုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် ပြည်သူများသို့ အသိပညာပေးခြင်း (Public Awareness) များကို သက်ဆိုင်ရာ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဆက်စပ်ဌာန/အဖွဲ့အစည်းများနှင့် ခရီးသည်ယာဉ်အသင်းအဖွဲ့များ၊ ကုန်တင်ယာဉ်အသင်းအဖွဲ့များအား ဖိတ်ကြား၍ Online ကွန်ပျူတာစနစ်ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့သည့် Secure Link Co., Ltd.၊ Delivery ဝန်ဆောင်မှုပေးမည့် MGL Co., Ltd. နှင့် Online ငွေပေးချေမှုတွင် ပူးပေါင်းဆောင်ရွက်မည့် CB Bank တို့က လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းတင်ပြမှုကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အသီးသီးပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ အသိပေးကြေညာချက်တို့ကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်း ဆောင်ရွက်သူများ၊ လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သိရှိလေ့လာလိုသူများ အလွယ်တကူ လေ့လာကြည့်ရှုစမ်းသပ်နိုင်ရန် ဝန်ကြီးဌာန၏ Website၊ Myanmar National Portal (MNP) Website နှင့် ဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.dopt.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

**DOLARS စနစ်ဖြင့် လုပ်ဆောင်နိုင်မည့် လုပ်ငန်းများ**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System–DOLARS) ကို အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းများအား သက်ဆိုင်ရာ လိုင်စင်အမျိုးအစားအလိုက် Online စနစ်အသုံးပြု၍ လျှောက်ထားဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသည့် အခကြေးငွေများအား Online Payment ဖြင့် ပေးသွင်းခြင်း၊ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများအား Delivery Service အသုံးပြု၍ ရုံးသို့ပေးပို့တင်ပြခြင်းနှင့် လျှောက်ထားသူထံသို့ အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပေးခြင်း၊ မျက်မြင်စိစစ်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များအတွက် ကြိုတင်ရက်ချိန်းရယူခြင်း (Online Booking System) များကို လုပ်ငန်းရှင်များအနေဖြင့် လူကိုယ်တိုင်ရုံးသို့ လာရောက်စရာမလိုတော့ဘဲ အချိန်ကုန်သက်သာစွာဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

**0nline ကွန်ပျူတာစနစ် အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးရလဒ်များ**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System–DOLARS)ကို အသုံးပြုခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူ လုပ်ငန်းရှင်များ/လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အောက်ပါအကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည် –

- လုပ်ငန်းလိုင်စင်ကို ရိုးရှင်းလွယ်ကူစွာ လျှောက်ထားနိုင်ခြင်း၊
- အချိန်ကုန် လူပင်ပန်းသက်သာပြီး စိတ်ချမ်းမြေ့မှု ရရှိနိုင်ခြင်း၊
- မိမိ၏လျှောက်ထားမှုကို သက်ဆိုင်ရာဌာနမှ အဆင့်ဆင့်စိစစ်ပြီး ဆောင်ရွက်ချက်များအား မိမိ Account ၏ Notification များတွင် ကြည့်ရှုနိုင်ခြင်း၊
- Online မှတစ်ဆင့် အဆင်ပြေလွယ်ကူစွာ ငွေပေးချေနိုင်ခြင်း၊
- Delivery စနစ်၏ အိမ်တိုင်ရာရောက်ပေးပို့နိုင်သည့် ဝန်ဆောင်မှုဖြစ်သဖြင့် အချိန်ကုန်လူပန်းသက်သာမှုရှိစေခြင်း၊

*စာမျက်နှာ ၁၇ သို့*

**❝ နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များအား အထောက်အကူပြုသည့်အပြင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်အရေးပါသည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System-DOLARS) အား ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူအား အကျိုးပြုနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်များ ပေါ်ထွန်းလာစေမည် ❞**

## မေတ္တာရင်ခွင်မူကြိုကျောင်း၌ မူကြိုကလေးများအား ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ



**မင်္ဂလာဒုံ ဖေဖော်ဝါရီ ၆**

မင်္ဂလာဒုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းများမှ မူကြိုကလေးများအား ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ရွှေနံ့သာကျေးရွာအုပ်စုရှိ မေတ္တာရင်ခွင် မူကြိုကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မူကြိုကလေးငယ်များက အာလူးကောက်၊ ပင်ပေါင်ဖွန်းကိုက်နှင့် ဘောလုံးလက်ဆင့်ကမ်း ကာယစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်း၊ တစ်ဦးချင်းပြိုင်ပွဲပုံပြော၊ စုပေါင်းသီချင်းဆိုခြင်းနှင့် ကဗျာရွတ်ဆိုခြင်းများဖြင့် ဉာဏစွမ်းရည်ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်ကလေးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီးမိသားစုက ပေးအပ်သည့် ဂုဏ်ပြုလက်ဆောင်အား တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ခရိုင်၊မြို့နယ်မှ တာဝန်ရှိသူများက ကလေးငယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒေါ်စွဲ့ခင်မာဝင်းက မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မူကြိုကျောင်းများအတွက် လိုအပ်သော သင်ထောက်ကူ အသုံးအဆောင်ပစ္စည်းများအတွက် ငွေကျပ် တစ်သိန်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် /ဆက်)**

## တွံတေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**တွံတေး ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြံ့လမု(ဆိတ်ကြီး)ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးပြည့်စုံမောင်မောင်နှင့် တာဝန်ရှိသူများသည် ကြံ့လမု(ဆိတ်ကြီး)ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၄၀၊ အကျယ် လေးပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းအား လေးပေချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေး၍ စီမံကိန်းအတိုးရငွေဖြင့် အရှည် ၂၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၇ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၂၁၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉၆ သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၃၀၆ သိန်းအသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်နိုင်**

## ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လမ်းများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းခွင်များကို ဖေဖော်ဝါရီ ၄ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးက ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**နန်းရွှေရတီ (ပြန်/ဆက်)**



## ရှာငံမြို့နယ် ရေလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ရှာငံ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေလှကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ရေလှကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေလှကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ကိုင်မည့် အသင်းသား အသင်းသူ ၁၀၈ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၀၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂**

ဇီဝမျိုးစုံ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

## ကရင်ပြည်နယ်သမဝါယမဦးစီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဟောပြောပွဲ ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးဟောပြောပွဲကို ပြည်နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ကျင့်သုံးနိုင်စေရန်၊ ဥပဒေနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး လေးစားလိုက်နာနိုင်ရန်အတွက် ရည်ရွယ်၍ ဥပဒေအသိပညာ ပြန့်ပွားရေးဟောပြောပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ရုံးဦးစီးအရာရှိများနှင့် မြို့နယ်သမဝါယမဦးစီးဌာန(တွဲဖက်)များ အရာထမ်း၊ အမှုထမ်း ဝန်ထမ်း စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၆ မှ*

- မိမိရရှိထားသည့် ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်နှင့် စပ်လျဉ်းသည့် အချက်အလက်များအားလုံးကို မိမိ Account တွင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးသိရှိနိုင်ခြင်းနှင့် အလွယ်တကူ ပြန်လည်ရှာဖွေကြည့်ရှုစစ်ဆေးနိုင်ခြင်း။

**အများပြည်သူအကျိုးရှေးရှုသည့် ဝန်ဆောင်မှုများဆီသို့...**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနအနေဖြင့် Online စနစ်သို့ စတင်ကူးပြောင်းဆောင်ရွက်ချိန်တွင် ရင်ဆိုင်တွေ့ကြုံရမည့် အခက်အခဲများအား ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ဌာနရှိဝန်ထမ်းများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများပူးပေါင်း၍ User Training၊ Administrator Training နှင့် System Testing အစီအစဉ်ဆောင်ရွက်ခြင်းတို့အား ရန်ကုန်တိုင်းဒေသကြီးရုံး၊ မန္တလေးတိုင်းဒေသကြီးရုံးနှင့် နေပြည်တော် (ရုံးချုပ်)တို့တွင် သတ်မှတ်ရက်များအလိုက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် Secure Link Co., Ltd. မှ တာဝန်ရှိသူများပူးပေါင်း၍ အများပြည်သူအတွက် အသိပညာပေးအစီအစဉ်များနှင့် User Training များ ဆောင်ရွက်ပြီး ဖြစ်သကဲ့သို့ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံလာရသည့် အခက်အခဲများအား ထိရောက်စွာ ဖြေရှင်းနိုင်ရန် Online စနစ်အား တာဝန်ယူရေးဆွဲသည့် Secure Link Co., Ltd. နှင့် Online Payment စနစ်အား တာဝန်ယူဆောင်ရွက်သည့် CB Bank တို့မှ Helpdesk များ ဖွင့်လှစ်၍ ဌာနမှဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်လျှောက်ထားသူများအား အကူအညီပေးနိုင်ရေးကိုလည်း ဆောင်ရွက်ထားပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များအား အထောက်အကူပြုသည့်အပြင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System–DOLARS) အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူအား အကျိုးပြုနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်များ ပေါ်ထွန်းလာစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၇၆၉၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီလုံ-ဘားအံလမ်းပေါ်ရှိ တောင်ကလေးဘုန်းကြီးကျောင်းအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Isuzu Truck တစ်စီး၊ Hyundai Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Ngwe Ayar Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်၊ ကမ်းသာယာလမ်း ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး၌ စုပုံထားသည့် အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၁၅၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၃၀၁၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၂၅၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၀၇၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်- မန္တလေးအမြန်လမ်း တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၄၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်လမ်းခွဲ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၄၇၆၆၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ ဒေါင်ဖန်းစက်ရုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၁၇၄၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၈၄၄၁၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၅ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၃၄) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၀၂၂၆၀၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ ဖေယျာအောင်နှင့် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်နေ ဇင်မာအေး(ခ)မအေး(ခ) သဲသဲတို့က ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နေ မ----၊ ၂၀/၂၀၂၄ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ-----၊ ၃၁/ ၂၀၂၄ နှစ်တို့ နှစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောက်ျားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်း(ပ)၂၅၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် တရားခံ ဖေယျာအောင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀)၊ တရားခံ ဇင်မာအေး(ခ)မအေး(ခ) သဲသဲ ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ
ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်

## တောင်သာမြို့နယ် ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော်တစ်ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ရှိ ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သံဃာတော်တစ်ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာတစ်ခုက မဟုတ်မမှန်သတင်းများ ရေးသား ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာများအား ဥပဒေမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ခြိမ်းခြောက်စာများ ပေးပို့၍ ဆက်ကြေး ကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့ အလိုကျ လိုက်ပါလုပ်ဆောင်ခြင်း မရှိသည့် ကျေးရွာ၊ ရပ်ကွက်များ၊ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ပြလို့မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**အောင်လံ ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့မြို့၌ ဒေသခံပြည်သူများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့က ပြလို့မြို့ အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်သည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ပြလို့နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နေအိမ်များ၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ အရန်သင့်စီစဉ်ဆောင်ရွက်ထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် လိုက်လံသတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**



# ဂွမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေတစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ဂွမြို့၏ အနောက်တောင်ဘက်ရေမိုင် ၁၈ ဒသမ ၅ မိုင်အကွာ၌ **ရွှေကြယ်လင်း ၁** အမည်ရှိ ကုန်တင်လှေတစ်စင်းသည် လှိုင်းပုတ်၍ လှေဝမ်းပျဉ်ချပ်များပြုတ်ထွက်ပြီး ရေဝင်နစ်မြုပ်နေကြောင်း ဆက်သွယ်ရေး လေလှိုင်းမှ သတင်းရရှိ၍ ယနေ့ နံနက် ၁ နာရီ ၂၅ မိနစ်တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေအနီးသို့ရောက်ရှိခဲ့ပြီး လှေပေါ်တွင်လိုက်ပါလာသော လှေသား ၅ ဦးအား ရေယာဉ်ပေါ်သို့ ကယ်ဆယ်တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်၍ လှေသားများအား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မိုင်းရှူးမြို့၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း ဆောင်ရွက်

**မိုင်းရှူး ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (မိုင်းရှူး) နှင့် မိုင်းရှူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ KG ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀၄ ဦးအား အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကျော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**သန်းလူ(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ကိုင်းကျွန်းမြေရှိ ခရမ်းချဉ်စိုက်ခင်းများ ပိုးမွှားရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း ဖေဖော်ဝါရီ ၆**

ပန်းတောင်းမြို့နယ်၌ ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်ညွှန့်ရီ၊ ပြည်ခရိုင်ဦးစီးမှူး ဦးအောင်စိုးမိုး၊ ဦးစီးအရာရှိ ဒေါက်တာ ဒေါ်ရီရီမြင့်၊ ပြည်ခရိုင် တာဝန်ခံဦးစီးအရာရှိ ဦးဇော်မင်းဦး၊ ပန်းတောင်းမြို့နယ် ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် ဝန်ထမ်းများက ကိုင်းကျွန်းမြေရှိ ခရမ်းချဉ်စိုက်ခင်းများသို့ ပိုးမွှားရောဂါကာကွယ်ရေး ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးလေ့လာခြင်းနှင့် ကာကွယ်နှိမ်နင်းနည်းများ သရုပ်ပြခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရမ်းချဉ်သီးပင်များတွင် ကျရောက်တတ်သောပိုးမွှားများအတွက် ဟော်မုန်းထောင်ချောက်မှ အမပိုးမွှားအနံ့ပေးကာ အထီးပိုးမွှားများကို လာရောက်ငြိတွယ် သေဆုံးနိုင်သောထောင်ချောက်နည်းစနစ်ဖြစ်ပြီး အသုံးပြုပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကာ တောင်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



## ကျိုင်းတုံမြို့ အထက (၂) တွင် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီခွဲက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ဆန်စပါးစိုက်ပျိုးနည်းစနစ်များနှင့် ဆန်စပါးကို စီးပွားဖြစ် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုအကြောင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း လုပ်ငန်းများအကြောင်း၊ ကျိုင်းတုံမြို့နယ်တွင် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်း ဖွင့်လှစ်သင်ကြား ဆောင်ရွက်ပေးနေမှု စသည့်အကြောင်းအရာများကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိလိုသည့်အချက်များ ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။



**အောင်ဇင်မြင့်(ပြန်/ဆက်)**

## သန်လျင်ပြည်သူ့ဆေးရုံ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဆေးရုံခန်းမဆောင်၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာချောနဒီနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးသည်။ ထို့နောက် လက်တွေ့ မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုပုံများကိုသရုပ်ပြရှင်းလင်းပြီး လက်တွေ့ မီးငြိမ်းသတ်မှုကို ဝန်ထမ်းများက ဆောင်ရွက်သည်။ ယင်းနောက် သန်လျင် ပြည်သူ့ဆေးရုံကြီးအတွင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**



## ရွှေဘိုခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၌ မီးဘေးလုံခြုံရေးအသိပညာပေး

**ရွှေဘို ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံစေရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ယမန်နေ့ ညနေပိုင်းက ရွှေဘိုခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။ ခရိုင်မီးသတ် ဦးစီးမှူး ဦးအေးမြင့်၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးအောင်မြတ်တိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး ပစ္စည်းများအကြောင်းနှင့် အသုံးပြုပုံများအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။



**ခရိုင် (ပြန်/ဆက်)**

## ပဲခူးမြို့နယ်ရှိ အုတ်ဖိုး - ကျုံးရိုးလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်က ပဲခူးမြို့နယ်အတွင်းရှိ အုတ်ဖိုး-ကျုံးရိုးလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြသသည်။

အုတ်ဖိုး - ကျုံးရိုးလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပဲခူးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်းတင်ဒါစနစ်ဖြင့်တင်ဒါအောင်သော အောင်ချမ်းမိုရ်ကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇွန်လ ၆ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**သက်ထက်**



# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

KBZ Pay

ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211

www.kbzpay.com


## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရရှိစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**

**ပြည်ခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇**

ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၊ ရွှေတံခါးအပိုင်း(၂)တွင် နေထိုင်သော ကွယ်လွန်သူ ဦးခင်မောင်ဦး (ဘ) ဦးခင်မောင်မြင့်၌ ကျန်ရစ်ခဲ့သော ပစ္စည်းအကြောင်း။

ဦးမောင်မောင်လွင်(ဘ)ဦးလှစိုး ၁၂/မဘန(နိုင်)၀၄၂၉၉၀၊ မကွေးမြို့၊ ကံသာယာရပ်ကွက်(စီ)၊ တမာပင်လမ်း၊ အမှတ်(၃၂၁)နေ လျှောက်ထားသူက ကွယ်လွန်သူ ဦးခင်မောင်ဦး၏ ဦးလေးတော်စပ်သူအဖြစ် ဆက်ခံထမ်းဆောင်ရသော လျှောက်ထားသူမှာ ကွယ်လွန်သူ ဦးခင်မောင်ဦး ကျန်ရစ်သော ပြည်မြို့၊ AGD Bank (အာရှစိမ်းလန်းစိုပြေရေးဘဏ်-ပြည်ဘဏ်ခွဲ)၌ ကျန်ရှိသော ငွေကြေးများ ထုတ်ယူရန်အတွက် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်ဦးကျန်ရစ်သော ပစ္စည်းများအပေါ် ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်၊ ၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ်(၁)ရက်တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးမောင်မောင်လွင်၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်/မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စောဝီလီ )**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရရှိစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**

**ပြည်ခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၆**

ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၊ ရွှေတံခါးအပိုင်း(၂)တွင် နေထိုင်သော ကွယ်လွန်သူ ဦးခင်မောင်ဦး (ဘ) ဦးခင်မောင်မြင့်၌ ကျန်ရစ်ခဲ့သော ပစ္စည်းအကြောင်း။

ဦးမောင်မောင်လွင်(ဘ)ဦးလှစိုး၊ ၁၂/မဘန(နိုင်)၀၄၂၉၉၀၊ မကွေးမြို့၊ ကံသာယာရပ်ကွက်(စီ)၊ တမာပင်လမ်း၊ အမှတ်(၃၂၁)နေ လျှောက်ထားသူက ကွယ်လွန်သူ ဦးခင်မောင်ဦး၏ ဦးလေးတော်စပ်သူအဖြစ် ဆက်ခံထမ်းဆောင်ရသော လျှောက်ထားသူမှာ ကွယ်လွန်သူ ဦးခင်မောင်ဦး ကျန်ရစ်သော ပြည်မြို့၊ AYA Bank (ရေဝတီဘဏ်-ပြည်ဘဏ်ခွဲ)၌ ကျန်ရှိသော ငွေကြေးများ ထုတ်ယူရန်အတွက် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်ဦးကျန်ရစ်သော ပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်၊ ၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် (၁) ရက်တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးမောင်မောင်လွင်၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်/မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စောဝီလီ )**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## ပတ်စ်ပို့ ပျောက်

စိုင်းဟိန်းလတ်ဖ၏သမီး ကျွန်မ နန်းဆိုင်ဟိန်း ၁၃/ကတန(နိုင်) ၂၀၁၃၃၆၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 132500)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၂၁၅၅၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပုဏ္ဏားစုရပ်ကွက်၊ မော်ကန်(၁၅လမ်း)၊ အမှတ် ၂၆၃/ခ ဦးကျော်မြင့်(ခ)ဦးအာလမ္မန်အမည်ပေါက်မြေကွက်အား ဒေါ်တာတာဦးမှ အရောင်းအဝယ်ပြုလုပ်ရန် ၃၀-၁-၂၀၂၅ ရက်တွင် ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်မျိုးထွေး(ဘ)ဦးနီ ၇/ကဝန(နိုင်)၀၈၈၆၈၈ထံမှ စရန်ကတိစာချုပ်ချုပ်ဆိုခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်သဘောတူညီကြပြီး ၂-၃-၂၀၂၅ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပါမည်။ ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်တာတာဦး**
**(၇/ဖမန(နိုင်)၁၁၄၃၆၃)**
**ဖုန်း-၀၉-၇၉၆၄၉၇၄၃၅**

## တစ်ဦးတည်းဖြစ်ကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ အထက-၁၉၊ Grade-7 တန်းမှ မောင်အောင်ကောင်းထက်စံ၏ ဖခင် ဦးဇော်မျိုးနိုင်နှင့် ဦးဇော်မျိုးအောင် ၇/ဖမန(နိုင်)၁၇၁၀၁၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မျိုးနိုင်(ခ)ဦးဇော်မျိုးအောင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5648 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B-၁၉)၊ ဦးပိုင်အမှတ် ၁(ခဲစင်း)၊ ၃၂လမ်း၊ ၅၁xပြင်ဦးလွင်ကားလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးသက်ကြည် (ခ)ရှာတော့ကျင် ၉/မရမ(နိုင်)၀၇၇၉၁၀၊ ဒေါ်ခင်ဝင်းမြင့် ၉/မရမ(နိုင်) ၀၇၇၉၀၉၏ (SP ရရှိသူ ဒေါ်လှလှထွေး)က အမှုတွဲအမှတ်(၆၅၉၂/၂၀၂၄-၂၀၂၅)ဖြင့်ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/33740, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းသူထွန်း ၁၄/လမန(နိုင်)၀၈၉၀၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/8930, TOYOTA RACTIS NSP120, HATCH BACK (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြာယုံ ၁၃/သပန(နိုင်)၀၀၇၂၃၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)**
**မူဆယ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/6123 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)နယ်မြေ (၁၉)နေ မဆိုက်ကြူး(ဘ)ဦးတုံယိန်ဖန် (၁၃/လရန(နိုင်)၂၂၅၈၂၂) ၏ ပတ်စ်ပို့နံပါတ် (M-၀၀၂၄၁၇)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၂၈၄၉၇၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်သန်းညိမ်းအစား ဒေါ်သန်းသန်းညိမ်း ၁၀/မလမ(နိုင်)၀၀၇၄၁၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B-၁၉)၊ ဦးပိုင်အမှတ် ၁(ခဲစင်း)၊ ၃၂x၃၃ကြား၊ ၅၁xပြင်ဦးလွင်ကား လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးသက်ကြည် (ခ)ရှာတော့ကျင်၊ ဒေါ်ခင်ဝင်းမြင့်တို့၏ (SP ရရှိသူ ဒေါ်လှလှထွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၀၅၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော Jin Tenglong Xin (JTX)Co., Ltd ၏ (ကိုယ်စားအစည်းအဝေးမှတ်တမ်းအရ) ဒေါ်ကြည်ကြည်မြင့် ၁၃/ကမန(နိုင်)၀၆၉၅၂၃က အမှုတွဲအမှတ် (၆၅၉၁/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/44652, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမာစိုး ၉/ပကခ(နိုင်)၀၂၀၆၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂၀၂/၂၀၄)တွင် တည်ဆောက်ထားသည့် (၈)ထပ်တိုက်၏ (၃)လွှာ၊ (၄)လွှာ၊ (၂)ထပ်၊ အခန်းအမှတ်(၂၀၄/၇)၊ အကျယ်အဝန်း(၁၂ ၁/၂' x ၆၀')ခန့်စီရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျှက်ရှိသည့် ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာချက်**

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူဖြစ်သော ဒေါ်နီနီထွေး (၁၂/ပဇတ (ပြု) ၀၀၀၁၇၈)မှ ယခုရောင်းချသည့် တိုက်ခန်းသည် မူလပိုင်ရှင်ဖြစ်သူမှ တစ်ဆင့်ပြန်လည်ရောင်းချထားသည့် အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး မိမိကိုယ်တိုင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ထွေးဇာခြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၁၈)**

**ဒေါ်ညိုမှာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သီရိမင်္ဂလာရပ်ရှိ၊ အရှေ့လားသော်-ဒေါ်ကြည်ကြည်ဝင်း၏အိမ်ဝိုင်းမြေ၊ အနောက်လားသော်-ဒေါ်ခင်လှ၏အိမ်ဝိုင်းမြေ၊ တောင်လားသော်-ဦးဇီးကွက်၏ အိမ်ဝိုင်း မြေ၊ မြောက်လားသော်-လမ်း ယင်းနယ်လေးရပ်အတွင်းရှိ အကွက်အမှတ်(၄၄၂-ခ)၊ အရှေ့xအနောက်(၂၅)ပေ၊ တောင်မြောက် (၆၀)ပေ အကျယ်အတိုင်းအတာရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ရှင် ညောင်ဦးမြို့နေ ဒေါ်အေးအေးပြုံး ၉/ညဥန(နိုင်)၀၀၅၂၄၆ က လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟုဝန်ခံ ကတိပြုပြောဆိုလာရာ ညောင်ဦးမြို့နေ၊ ဒေါ်မျိုးပပမင်း ၈/ပခက(နိုင်)၂၃၃၃၂၃ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးပပမင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်ခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၇၅) (၂၇-၁၂-၂၀၁၈) ဝက်ကြီးအင်းရွာသစ်ရပ်၊ ညောင်ဦးမြို့၊**
**ဖုန်း ၀၉-၄၀၂၅၀၀၂၄၂၊ ၀၉-၇၈၂၅၀၀၂၄၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၆)၊ လူနေရပ်ကွက်အမှတ်(၈)၊ ဦးအောင်ဇေယျလမ်း၊ မြေကွက်အမှတ် (၂-က)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ (၆၀)ပေ ၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊ (၀ဒသမ၀၂၇)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ နှစ်ထပ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်တင်တင်ဌေး ၁၂/လမန(နိုင်) ၀၃၅၆၀၂ ထံမှ တစ်ဆင့် ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်မူမူမြင့် ၁၂/သကတ(နိုင်) ၁၇၈၁၂၈မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စျာန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၈၂)**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉- ၄၄၄၄၂၁၅၄၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (ဇ-၄၀၁၀)၊ ဧရိယာ(၀ဒသမ၀၅၅) ဧကရှိ ဦးကျော်သူထိုက် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်ငြိမ်းငြိမ်းစိုး(ဘ)ဦးလှတင် ၁၃/တကန(နိုင်) ၁၄၁၉၇၄မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၈၁၃/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်လတ် (ဘ)ဦးခင်မောင်သိန်း ၁၃/တကဒ(နိုင်) ၁၄၉၂၀၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ကြည် ၁၄/ကပန(နိုင်)၀၁၀၈၇၃၏ သားဖြစ်သူ မောင်ညီဇင်အောင် ၁၂/ရပသ(နိုင်)၀၈၅၈၂၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၃-၁၉၉၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ ရန်အောင် (၂) ရပ်ကွက်၊ အမှတ် (၁)ရဲစခန်းဝင်းနေ (ဘ) ဦး ကြည် မောင် ၏ သ မီး ဒေါ်ကြည် ၉/တတဥ(နိုင်) ၀၀၀၇၆၄ နှင့် ဒေါ်ချိုချိုဦးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ချိုချိုဦး(ခ)ဒေါ်ကြည်**

## ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ ကမာမောင်းနေ မဇင်မာချို (ဘ) ဦးတင်စိုး ၃/ဖပန(နိုင်)၀၄၇၇၀၃၏ နိုင်ငံကူးလက် မှတ်အမှတ် MD-441201၏ ပတ်စ်ပို့စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၀၃၂၈၇၆**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၂၃/ဂြိုလ်တုအကွက်)၊ ဦးပိုင်အမှတ်(ဘ/၉)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကွက်သည် ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းရုံး အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။ မြဝတီမြို့၊ ကရင်စာပေနှင့်ယဉ်ကျေးမှုတိုးတက် ပြန့်ပွားရေးအသင်း အမည်ဖြင့် အသင်းဥက္ကဋ္ဌ ဦးစောအောင်သိန်းမြင့်မှ မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော် ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/73077, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမျိုးယဉ် ၁၄/ဝခမ(နိုင်)၃၄၀၂၁၄ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/61723 Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ်ကျော် ၉/ဒခသ(နိုင်)၀၀၅၀၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းကြီး၊ Golden City၊ တိုက်အမှတ်(၅)၊ အခန်း(၂၂၀၃)နေ ဦးနေဝင်း[၁၂/ရပသ(နိုင်)၀၄၅၇၁၂] သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၀၂၀၆/၂၀၂၄ ဖြင့် မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား မူပိုင်ရှင်ဖြစ်ပါသည်-




ဦးနေဝင်းသည် အထက်ပါ **"ရွှေလာဘ်မင်း"** ဆီးချိုရောဂါသောက်ဆေး ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း အစရှိသည်တို့တွင် အသုံးပြုလျက် ဆီးချိုရောဂါသောက်ဆေး အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **"ရွှေလာဘ်မင်း"**ဆီးချိုရောဂါသောက်ဆေးကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အမည်တူ/အမှတ်အသားတူ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ပြုပြင်ပုံစံပြောင်းလျက် အခြားအမည်များတပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းတို့ကို မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ **"ရွှေလာဘ်မင်း"** ဆီးချိုရောဂါသောက်ဆေး ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ(သို့မဟုတ်)တစ်ခုလုံးကို တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်၍ ပုံတူပုံမှား၊ ဆင်တူယိုးမှားဖြင့် မည်သူမဆို ပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ဝင်း LL.B, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၉)**

**ဒေါ်တင်တင်ခိုင် LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၈၀၀၈)**

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၃-အေ/မြန်မာနန်းတိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၁၄၀)၊ ဧရိယာ(၀ဒသမ၀၈၃) ဧကရှိ မြေကွက်သည် ဦးအောင်သူ အမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ ပါသည်။ မြေပေးမိန့်အမည်ပေါက်သူ ဦးအောင်သူ ၁၄/ဟသတ(နိုင်)၀၄၄၅၀၇မှ လူနေထိုင်ရန် မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၆၄ (A)၊ ရာမနီတောင်ကွင်း၊ ဦးပိုင်အမှတ်-၄၈/C၊ အကျယ်အဝန်းဧရိယာ(၃.၀၀)ဧကသည် ဦးသောင်းမြင့်ဦး အမည်ထွက်ရှိထားသော ပုံစံ(၇)မူရင်း ဥယျာဉ်ခြံ မြေကွက် ဖြစ်ပါသည်။ ဦးသောင်းမြင့်ဦးသည် (၃၀-၃-၂၀၂၄) ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးသောင်းမြင့်ဦး ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် အမွေဆက်ခံရန် သက်သေခံလက်မှတ်အရ တရားဝင်ဇနီးဖြစ်သူ ဒေါ်သူဇာဝင်းမှလက်ဝယ်ထား ပိုင်ဆိုင်စီမံခန့်ခွဲသူ ဖြစ်ပါသည်။ မိမိလက်ဝယ်ထားရှိသော ဥယျာဉ်မြေအကျယ်အဝန်း ဧရိယာ (၃) ဧကအနက်မှ အကျယ်အဝန်း ဧရိယာ (၁-ဧက၏ တစ်ဝက်)အား ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုလှိုင်ကို (၁၂/ဗဟန(နိုင်)၀၉၀၂၄၇)မှ ဝယ်ယူရန်အတွက် ( ၃-၂-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူ ဥယျာဉ်ခြံမြေ အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်" ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံ၊ ခိုင်မာသော စာချုပ်စာတမ်းမူရင်းများ၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ထံသို့လည်းကောင်း၊ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက ဤအရောင်းအဝယ်အား လယ်ယာမြေ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်အမှတ် ၉/၁၁၊ အခန်း ၀၀၄၊ မြေညီထပ်၊ ၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၄၅၆၃၀**

## မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းကျယ်ပေါ်ရှိ Mini Condo မြေညီထပ်၊ ထပ်ခိုးပါ (ပေ ၂၈xပေ ၇၀)၊ အမြင့် (၁၉ပေ) အမြန် ရောင်းမည်။

သိန်း (၉၅၀၀) ညှိနှိုင်း။

**စုံစမ်းရန်- ဖုန်း-၀၉-၇၈၆၄၉၉၇၄၅၊**
**၀၉-၉၇၁၉၁၆၇၆၄**

## စီးပွားရေးလုပ်ရန်နေရာကောင်းရောင်းမည်

အောင်မင်္ဂလာအဝေးပြေးဂိတ်အနီး။ သုခမ္မာလမ်းမ (၆ကွေ့မီးပွိုင့်)အနီး။ (၅)ရပ်ကွက် မြောက်ဥက္ကလာ။ ဝေဘာဂီလမ်းမကြီးပေါ်။
၄ ထပ်တိုက်သစ်။ ၂၀ ပေ × ၆၀ ပေ (မြေပိုင်)
သိန်း (၁၀၀၀၀) ညှိနှိုင်း 0943021001

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5019 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊စွယ်တော်ရပ်ကွက်၊ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်၊ စွယ်တော် City အိမ်ရာတွင် တည်ရှိသော အဆောက်အအုံ အမှတ်(B)၊ အခန်းအမှတ်(၅၁၇)၊ ဧရိယာ(1260 Sqft)ရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာဝင်း ၁/မကန(နိုင်)၀၁၂၀၈၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့ဝင်း ၉/ပကခ(နိုင်) ၀၀၅၀၇၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆာင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သစ်သစ်**
**အထက်တန်းရှေ့နေ(စဉ်-၄၄၇၁၇)**
**အမှတ်(၃၂၈)၊ သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၅၁၈၉၇၅၅၊ ၀၉-၇၅၅၄၆၈၇၅၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ/၁၂)၊ လူနေ ရပ်ကွက်အမှတ်(၁၁)၊ အဝေရာလမ်း၊ အမှတ်(၁၆၆/က)၊ အကျယ်အဝန်းဧရိယာ (၂၀x၆၀)ပေ ဒေါ်မိခိုင်အမည်ပေါက်သော နှစ်(၆၀)ဂရန်မူရင်းမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မိခိုင်(၁၂/လသယ(နိုင်)၀၅၄၄၄၂)နှင့် ဦးသိန်းညွှန့်(၁၄/ဝခမ(နိုင်)၁၃၇၄၁၇) မှလက်ဝယ်ထားပိုင်ဆိုင်၍ ဥပဒေနှင့်အညီ ရောင်းချခွင့်ရှိကြောင်း၊ ယနေ့အချိန်ထိ အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်ကိုကို (၁၂/လသယ(နိုင်)၀၃၂၆၄၄)မှ ဝယ်ယူရန်အတွက် (၅-၂-၂၀၂၅) ရက်စွဲပါ နှစ်ဦး သဘောတူ အိမ်နှင့်မြေအရောင်းအဝယ်စရံငွေပေးကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ၊ စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို(LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ**
**တိုက်အမှတ် - ၉/၁၁၊ အခန်း(၀၀၄)၊ မြေညီထပ်၊ ၃၆-လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၁၄၅၆၃၀**

## သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်နေ ဦးဇော်ထွန်း (၁၀/ဘလန(နိုင်)၀၅၉၂၂၇)-ဒေါ်မော်မော်ခိုင် (၁၃/ရစန(နိုင်)၀၈၃၇၈၆) တို့၏သားများဖြစ်ကြသော မောင်စစ်နိုင် (၁၄/ဖပန(နိုင်)၁၇၅၀၉၁)နှင့် မောင်ရဲနိုင်(၉/အမဇ(နိုင်)၀၈၈၃၂၇)တို့သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မောင်စစ်နိုင်နှင့် မောင်ရဲနိုင်တို့အား သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဇော်ထွန်း-ဒေါ်မော်မော်ခိုင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8H/3357 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၉/ပသက(နိုင်)၁၂၂၃၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)၊ လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၂၄-၂-၂၀၂၅ ရက် (တနင်္လာနေ့) (လျှောက်လွှာပိတ်ရက်)မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ ကျား | မ | ကျား/မ |
|---|---|---|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) (စီမံရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E | ၁ | | |
| (ခ) | ဘူမိဗေဒလက်ထောက်(၂) (စီမံရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology)(Hons;) | ၁ | | |
| (ဂ) | ဘူမိရူပဗေဒလက်ထောက်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(EC/EP), B.Sc (Geology)Q/Hons;/DAG, B.Sc (Physics)Q/Hons; | ၂ | | |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ထုတ်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Petroleum/Mech;/EP/EC) | ၅ | ၁ | |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂) (စက်မှု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical/Mechatronic) | ၂ | | |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပိုက်လိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical/Civil) | ၃ | | |
| (ဆ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆောက်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) | ၂ | | |
| (ဇ) | အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်စစ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(EP) | | | ၂ |
| (ဈ) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/B.Act/B.Econ(Eco)/ B.Econ(Stats) | | | ၅ |
| (ည) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၄၂ | ၈ | ၂၆ |
| (ဋ) | တိုင်းထွာရေး(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(Civil)/ B.Sc(Geology) | ၃ | | |
| (ဌ) | စာရင်းကိုင်(၄) (ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/ ကွန်ပျူတာလက်မှတ်) | | | ၈ |
| (ဍ) | စက်မှုကျွမ်းကျင်(၄) (တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၁၉ | | |
| (ဎ) | စက်မှုကျွမ်းကျင်(၄) (ထုတ်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (Petroleum/ Mech;/EP/EC) | ၆ | | |
| (ဏ) | စက်မှုကျွမ်းကျင်(၄) (ဆောက်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(Civil) | ၆ | | |
| (တ) | လျှပ်စစ်ကျွမ်းကျင်(၄) (လျှပ်စစ်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(EP) | ၃ | | |
| (ထ) | စက်မှုကျွမ်းကျင်(၄) (စက်ပြင်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(MP/MT/CNC) | ၁၀ | | |
| (ဒ) | စက်မှုကျွမ်းကျင်(၄) (ဆက်သွယ်ရေးနှင့်IT) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(EC/IT) | ၃ | | ၁ |
| (ဓ) | စက်မှုကျွမ်းကျင်(၅) (တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၂၀ | | |
| (န) | စက်မောင်း(၅) (ထုတ်လုပ်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၄ | | |
| (ပ) | စက်မှုကျွမ်းကျင်(၅) (ပိုက်လိုင်း) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၅ | | |
| (ဖ) | ဂဟေဆက်(၅) (ပိုက်လိုင်း) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၈ | | |
| (ဗ) | ယန္တရားမောင်း(၅) (ဆောက်လုပ်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၁ | | |
| (ဘ) | စက်မှုကျွမ်းကျင်(၅) (စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၇ | | |
| (မ) | စက်မှုကျွမ်းကျင်(၅) (ဆက်သွယ်ရေးနှင့်IT) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၂ | | |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၈-၂-၂၀၂၅ နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- (ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းဖြစ်ပါက အသက် (၄၀)နှစ်ထိ ခွင့်ပြုသည်။
- (ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-
- (က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူမှန်
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်
- (င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက် မူရင်း
- (စ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ (ထုတ်ပယ်/ထုတ်ပစ်)ခံရဖူးခြင်း မရှိပါကြောင်း ကိုယ်တိုင်ဝန်ခံချက်မူရင်း
- (ဆ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့်အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ(စ)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၁-၃-၂၀၂၅ ရက်(စနေနေ့)နှင့် ၂-၃-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ နေပြည်တော် အ-ထ-က(၇)တွင် ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များကို အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည် ဖြစ်ပါသည်-
- (က) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁-၃-၂၀၂၅ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊
- (ခ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၂-၃-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေ ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့်အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့် ရရှိသူအမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင် ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့် ကတ်ပြားများကို ၂၈-၂-၂၀၂၅ ရက်(သောကြာနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင်လာရောက် ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်းရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် ရေးဖြေ အောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကို လည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ ရွေးချယ်ခံရသော လူစာရင်းအား စွမ်းအင်ဝန်ကြီးဌာန Website တွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်းနံပါတ်- ၀၆၇-၃၄၁၁၀၉၆၊ ၀၆၇-၃၄၁၁၃၃၈၊ ၀၆၇-၃၄၁၁၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

### စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လျှောက်လွှာပုံစံ

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်။

ဓာတ်ပုံ (၁.၁ x ၁.၃ လက်မ)

စာဖြေဌာန ---------------

၁။ လျှောက်ထားသည့် ရာထူး/အမှတ်စဉ်
- (က) ----------
- (ခ) ----------

(လစာနှုန်းတူ ရာထူး ၂ နေရာလျှောက်ထားနိုင်သည်)

၂။ လျှောက်ထားသူ
- (က) အမည် ----------
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------
- (ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) ---------- (ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------
- (င) ပညာအရည်အချင်း/ခုနှစ် ----------
- (စ) နေရပ်လိပ်စာ အပြည့်အစုံ ---------- ဖုန်းအမှတ် ----------
- (ဆ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ---------- ရာထူး၊ ဌာန၊ လစာနှုန်း ----------
- (ဇ) ဖခင်အမည် ---------- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------- အလုပ်အကိုင် ----------
- (ဈ) အမိအမည် ---------- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------- အလုပ်အကိုင် ----------
- (ည) အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်းအမည် ---------- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------- အလုပ်အကိုင် ----------
- (ဋ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ ---------- (နုတ်ထွက်ပြောင်းရွှေ့ခဲ့လျှင် အကြောင်းပြချက်ဖော်ပြရန်)

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း(မိတ္တူ)များ ပူးတွဲတင်ပြပါသည်-
- (က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူမှန်
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်
- (င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
- (စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)

၄။ အလုပ်ခန့်ထားခြင်းခံရပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူ စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါသည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

လက်မှတ် ---------------
အမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
ဖုန်းနံပါတ် ---------------

## အမည်ပြောင်း

(ဘ) ဦးသီဟထွန်း ၏သား တောင်ကြီးမြို့၊ အ.မ.က(၁၀) Grade-4 မှ မောင်ဘုန်းမင်းခန့် အား မောင်မင်းခန့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်နေ ဦးအုန်းသိန်း ၁၂/လကန (နိုင်)၁၀၇၂၆၆၏ သမီး ဒေါ်လွင်လွင်ခိုင် ၁၂/ဒဂမ (နိုင်)၀၂၁၁၄၇၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၅-၁၉၈၇ ဖြစ်ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/97949, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသွင်စိုး ၇/ပတန(နိုင်)၀၉၆၉၈၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9A/3793 ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုး ၁၀/သထန(နိုင်) ၁၂၀၇၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀ ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၆၀၇/၁၀၅၄)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်ဝင်းမာ ၉/ပမန(နိုင်)၀၀၃၁၇၁(ပါ) ၅-ဦးတို့မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ရေကြည်ကန်အောင်မြန်မာလမ်းထောင့်၊ ကွင်း/အကွက်အမှတ်(၆၇၂/A)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၄၀/၂)၊ (၄၊ ၃)၊ ဧရိယာ(၄ဒသမ၁၅)ဧကအနက်မှ အကွက်ချမြေပုံအရ မြေကွက်အမှတ်(၇)၊ အလျား x အနံ(၄၀x၆၀)ပေ အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စိုးဝင်းမော်(ဘ)ဦးအေးကို၁၂/လမတ(နိုင်)၀၀၀၉၆၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီတာ(ဘ)ဦးတင်အောင် ၁၀/မလမ(နိုင်) ၁၀၂၃၅၆က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈) ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B) (စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆) အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ဗညားဦးလမ်း၊ အကွက်အမှတ်(၂၃)၊ ရုံးတော်ကွက်)၊ဦးပိုင်အမှတ်(၈/၇၀)၊ မြေကွက်အမှတ်(အေ-၈)ဟုခေါ်တွင်သော ဧရိယာ(၀ဒသမ၂၂၀)ဧက အကျယ်ရှိ ဂရန်အမှတ်တွဲအမှတ်(RPNO-၁၂၁/V/၂၀၂၀-၂၁)အရ ဦးမြင့်စိန်(ခ)ဦးချိုတူး အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြင့်စိန်(ခ) ဦးချိုတူး(ဘ)ဦးမောင်တင် ၁၂/သလန(နိုင်) ၀၇၉၈၇၁ထံမှကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော(၁)ဒေါ်ရွှေလှ၉/မရမ(နိုင်) ၀၅၃၇၇၂၊(၂)ဦးဇော်ထွန်းနိုင်(ဘ)ဦးစိန်ဝင်း ၁/မကန(ဧည့်) ၀၀၁၆၅၃တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈) ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B) (စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆) ဒေါ်သက်သက်ဝေ L.L.B(စဉ်-၅၁၆၂၄)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ အထက(ခွဲ) ကျွဲသေကျောင်း Grade-10 မှ ကျောင်းသား မောင်ချစ်ဝေငြိမ်း၏မိခင် ဒေါ်မာဖြူနှင့် ဒေါ်တင်မာဖြူမှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မာဖြူ(ခ)ဒေါ်တင်မာဖြူ**
**၈/မထန(နိုင်)၀၂၃၁၄၀**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ အထက(ခွဲ) ကျွဲသေကျောင်းမှ မဆုမြတ်နိုင် Grade-11 တွင် သင်ကြားနေသော ကျောင်းသူ နှင့် Grade-1 တွင် ပညာသင်ကြားနေသော မနှင်းယမုံဖြိုးတို့၏ ဖခင် ဦးထွန်းနိုင်နှင့် ဦးတင်ထွန်းနိုင်မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်(ခ)ဦးတင်ထွန်းနိုင်**
**၈/မတန(နိုင်)၀၇၈၄၀၆**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဖောင်ရွာအကွက်၊ ဦးပိုင်အမှတ်(၆၂၊ ၇၇)၊ ဧရိယာ (၀.၀၄၁)ဧကအား ဦးကျော်ထွန်းဦး၊ (၉/ကဆန(နိုင်)၀၀၁၇၈၀)မှ မြေငှားဂရန်(အမည်ပြောင်း) (သက်တမ်းတိုး) လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့် ပတ်သက်သည့် တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ ကန့်ကွက်လာမှုမရှိပါက ဦးကျော်ထွန်းဦး၏ မြေငှားဂရန်(အမည်ပြောင်း)(သက်တမ်းတိုး) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ဆည်မြို့**

# ၂ ခန်းတွဲ ၃ ထပ်ခွဲတိုက် အမြန်ရောင်းမည်

ပေ ၄၀ x ပေ ၆၀ မြေပေါ်မှာ အာရ်စီစီ ၂ ခန်းတွဲ ၃ ထပ်ခွဲတိုက် ပိုင်ရိုက်/ထုထည် ၉ လက်မ အုတ်ရိုးဖြင့် တည်ဆောက်ထားပြီး ရေမီးအစုံ လူနေရန်အဆင်သင့်၊ ဘီစီစီကျပြီး၊ အမည်ပေါက်ပါ ဆောင်ရွက်ပေးမည်။ လူလည်းနေ၊ ဆိုင်ခန်း၊ ပွဲရုံဖွင့်လို့ရသည့် တိုက်သစ် ၅ လုံးကို ပထမအရစ် ၅၀ % ပေးချေပြီး ကျန် ၅၀ % ကို ၈ လ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါမည်။ ဘဏ်နှင့် ချိတ်ဆက်၍လည်း ဝယ်ယူနိုင်ပါသည်။

တညင်းကုန်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမာန်လက်ကားဈေးသစ်ကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (အလွန်အံ့သြဖွယ်ကောင်းသော ဈေးနှုန်းဖြင့် တိုက်သစ် ၅ လုံးမျှကိုသာ ရောင်းချပေးပါမည်။ ဦးရာလူရစေရမည်။)

**ဆက်သွယ်စုံစမ်းရန်။ ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၉၁၃၄၊ ၀၉-၄၂၈၆၂၄၃၆၃**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)**
**လယ်ဝေးမြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၅**

ဦးမင်းမြတ်စိုး နှင့် ၁။ ဒေါ်အေးအေးလှိုင်
၂။ ဦးအေးမင်းဝင်း
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံလမ်း၊ စုပေါင်းအိမ်ရာ၊ အမှတ်(၄၅)၊ အခန်း(A)၌ နေထိုင်သူ (၁) တရားပြိုင် ဒေါ်အေးအေးလှိုင်၊ (၂) တရားပြိုင် ဦးအေးမင်းဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမင်းမြတ်စိုးက ငွေ (၂၀၇၈၇၆၀၀၀/-)ကျပ် (နှစ်ရာ့ခုနှစ်သိန်း ရှစ်သောင်းခုနှစ် ထောင့်ခြောက်ရာ)ကျပ်နှင့် နစ်နာကြေးငွေ (၂၀၇၈၇၆၀၀၀/-)ကျပ် (နှစ်ရာ့ခုနှစ်သိန်းရှစ်သောင်းခုနှစ်ထောင့်ခြောက်ရာ) ကျပ် ရလိုမှုလျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်၊ (၁၃၈၆ ခုနှစ်၊ တပို့တွဲလကွယ် ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုသဲမြတ်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**လယ်ဝေးမြို့နယ်တရားရုံး**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)**
**ပုသိမ်ခရိုင် တရားရုံးတော်**
**၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄**
**ကွယ်လွန်သူဦးပရမ၌ကျန်ရစ်သောပစ္စည်းအကြောင်း**

ဥူးကုဝေရ လျှောက်သူ။

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ နံ့သာကုန်း၊ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်း နေ ဥူးကုဝေရက ကွယ်လွန်သူ ဦးပရမ၏ သာသနာ့ညီအစ်ကို ဖြစ်သည်ဟူ၍ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ နံ့သာကုန်း၊ မိုးကုတ် ဝိပဿနာ ရိပ်သာကျောင်းနေ ၎င်းကွယ်လွန်သူ ဦးပရမ မှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိ သော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ် စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးပရမမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဥူးကုဝေရ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်စံ)
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်( မြတ်ရတနာအိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ်( အောင်ချမ်းသာ / မြို့ကွက်သစ် )၊ မြေကွက်အမှတ်(၃၁၈)၊ အကျယ်အဝန်း(၂၇၀၀)စတုရန်းပေ၊ (၀ဒသမ၀၆၂) ဧက၊ (၄၀ပေ x ၆၇ပေ ၆လက်မ)ရှိ ဒေါ်ရီမာထွန်း ၁၂/မရက(နိုင်)၀၂၇၁၇၇ အမည် ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ် ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ဖြစ်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သီတာ (ဘ)ဦးတင်အောင် ၁၀/မလမ(နိုင်) ၁၀၂၃၅၆မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍ အရှုပ်အရှင်း တစ်စုံတစ်ရာမှ မရှိကြောင်း၊ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ သမာဓိ(၂)လမ်း၊ မြေကွက်အမှတ်(၃၆၈)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဇင်ဝင်း (၁၂/တမန(နိုင်)၁၂၅၅၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဒေါ်ကြူကြူဆိုင် (၁၄/ခနဖ(နိုင်)၀၀၃၀၇၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇမ္ဗူသီရိမြို့နယ်နေ ဦးဝေယံ ထက်မြင့်-ဒေါ်ခက်ခက်မိုး တို့၏ သမီး မနှင်းဝေယံ(ခ)မနှင်းဝတ်ရည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနှင်းဝေယံ(ခ)မနှင်းဝတ်ရည်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ ကညင်ငူကျေးရွာနေ ဒေါ်ရင်တင့် ၁၂/တတန(နိုင်)၀၁၀၃၃၀၏ ဖခင်အမည်မှန်မှာ ဦးအုံး ဖြစ်ပါကြောင်း။

**ဦးအုံး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက ရေကြည် Grade-11(D)မှ မလပြည့်ဝန်း၏ ဖခင်အမည်မှန် မှာ ဦးစိုးသိန်း (၁၄/ရကန(နိုင်)၁၉၀၁၇၁)ဖြစ်ပါကြောင်း။

**ဦးစိုးသိန်း**

## မွေးသက္ကရာဇ်အမှန်ဖြစ်ပါကြောင်း

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကွမ်ကသောင် ကျေးရွာအုပ်စု (ဖားတလယ်ကျေးရွာနေ ဦးစိုးမိုးအောင်-ဒေါ်အေးထိုက်မိုး တို့၏ သမီး မသိမ့်သိမ့်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၀၂ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ နယ်မြေ (၃)၊ အိမ်အမှတ်-သအ-၁၁၃၄ နေ ဒေါ်စန်းစန်းဝေ(ခ)ဒေါ်ဝေဝေ (၉/ကပတ(နိုင်)၁၂၄၅၃၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးတင်လှ(ကွယ်လွန်)နှင့် မိခင် ဒေါ်စန်းစန်းဝေ(ခ)ဒေါ်ဝေဝေ၏ သားကြီးဖြစ်သူ မောင်ခန့်ဇော်လတ် (၉/ကပတ(နိုင်)၂၆၆၃၅၃)သည် မိခင်ဖြစ်သူ၏ ဆုံးမပြောဆိုမှုများကို နာခံမှုမရှိဘဲ မိခင်အား အရှက်ရစိတ်ဆင်းရဲစေသော ကိစ္စရပ်များကို ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မောင်ခန့်ဇော်လတ်နှင့် ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဝါလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၀၇)**
**သအ (၅၀၃/၅၀၄) ညောင်ဦးလမ်း၊ သာယာအေးရပ်ကွက်၊**
**ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၂-၂၀၂၅ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၃)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ထာနွယ်ခင်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် မြေကွက်(၂)နှစ်သည်အစားမြေကွက်(၂)ကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံဟုလည်းကောင်း မြေချပါမစ် နှစ်(၆၀)ဂရန်အစား နှစ်(၆၀)ဂရန်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(၄၀၆)၊ အကျယ်အဝန်း(၀.၀၆၁ဧက)ရှိ ဒေါ်စောမြတ်ကလျာ (၁၂/မရက(နိုင်)၁၀၇၆၄၀) အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်အမှတ်(၄၀၇)နှင့်ကပ်လျက် ဘက်ခြမ်းရှိသည့် မြေအကျယ်အဝန်း(၂၂ပေx၆၀ပေ)၊ ဧရိယာ(၀.၀၃၀)ဧကရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ်(၄၀၆)ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးညီညီလင်း (၁၂/ကတန(နိုင်)၀၉၀၈၆၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သွယ်သွယ်လှိုင်ဦး (၁၃/တကန(နိုင်)၀၀၁၈၉၄)မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည့်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်သွယ်သွယ်လှိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး**
**LL,B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-450023651, 09-793568375**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၈/အေ) မြေကွက်အမှတ်-၃၃၃၊ ဆရာစံလမ်း၊ ၂/ခ ရပ်ကွက်၊ ဧရိယာ ၀.၀၅၅ဧကသည် နှစ် (၆၀) မြေငှားစာချုပ်ဖြစ်ပြီး ဒေါ်တင်လှိုင် ၁၂/မဘန(နိုင်)၀၀၃၉၅၇ အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မိခင်ဖြစ်သူ ဒေါ်တင်လှိုင်မှ သားဖြစ်သူ ဦးသန့်ဇင် ၁၂/မဘန(နိုင်)၀၀၅၁၆၅ ထံသို့ မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ဆို၍ အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ အဆိုပါစာချုပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်တင်လှိုင် ဖုန်း-၀၉-၅၀၀၀၈၆၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃)၊ မြေကွက်အမှတ်(၄၂၁)၊ (၀ဒသမ၁၆၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အရပ်အခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၄၂၁)ဟုခေါ်တွင်သော ခြံမြေကွက်နှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ငွေငွေ ၁၂/လမန(နိုင်) ၀၆၈၉၃၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်နောင်ထွန်း ၁၂/သဃက(နိုင်)၁၈၅၁၂၇မှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဦးလွင်နောင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး**
**LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၃၆၅၁၊ ၀၉-၇၉၃၅၆၈၃၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ဒသမ၀၅၁)ဧကရှိ မြို့မြေ(B)သည် သာပေါင်း မြို့၊ ဘုရားကုန်းကျေးရွာနေ ဦးဝင်းအောင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံး လုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သနပ်ပင်မြို့၊ ဘူတာပိုင်းရပ်ကွက်၊ ကွင်းအမှတ်(ရပ်-၅W)၊ ကွင်းအမည် (ရေကျော် တောင်ကွင်း)၊ ဦးပိုင်အမှတ် (၄၅က+၄၆)၊ မြေဧရိယာ (၀.၀၃၅၄) ဧကရှိမြေကို ဒေါ်အိအိခိုင်မှ မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း) များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သနပ်ပင်မြို့**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ (၃) လမ်း၊ အမှတ် (၁၆၃)နေ ဦးသန်းမျိုး၏သမီး ဦးမောင်မောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8မှ မခေမာန်ဦးအား မဆုယသော်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုယသော်စံ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း လက်အောက်ရှိ အထက်ပေါင်းလောင်းနှင့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့တွင် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မည့် မြို့ပြလုပ်ငန်းများအတွက် တည်ဆောက်ရေးသုံးပစ္စည်းများဝယ်ယူခြင်း တင်ဒါ(၉)စောင်အား DDP (At Station) (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | ပေးပို့ရမည့်စက်ရုံ |
|---|---|---|---|
| (က) | Tender No. 37/EPGE/ Civil/2024–2025 | မြို့ပြပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(၆)ရပ် ဆောင်ရွက်ခြင်းအတွက် ဘိလပ်မြေဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ခ ) | Tender No. 38/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၄၀၀)ပေ တည်ဆောက်ခြင်း အတွက် ၆"x ၉" ကျောက်ကြီး ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ဂ ) | Tender No. 39/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၆၅၀)ပေ တည်ဆောက်ခြင်း အတွက် ၆"x ၉" ကျောက်ကြီး ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| (ဃ) | Tender No. 40/ EPGE/ Civil/2024–2025 | မြို့ပြပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(၆)ရပ် ဆောင်ရွက်ခြင်းအတွက် ၆"x ၉" ကျောက်ကြီးနှင့် ခွဲကျောက် (Chipping) ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( င ) | Tender No. 41/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၄၀၀)ပေ တည်ဆောက်ခြင်း အတွက် 12mmØ (HRB–500) သံချောင်းလုံးများဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( စ ) | Tender No. 42/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၆၅၀)ပေ တည်ဆောက်ခြင်း အတွက် 12mmØ (HRB–500) သံချောင်းလုံးများဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| (ဆ) | Tender No. 43/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၃၀၀)ပေ တည်ဆောက်ခြင်း အတွက် 12mmØ (HRB–500) သံချောင်းလုံးဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ဇ ) | Tender No. 44/ EPGE/ Civil/2024–2025 | ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် G.I ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ ဝယ်ယူခြင်း။ | အထက် ပေါင်းလောင်း |
| ( ဈ) | Tender No. 45/ EPGE/ Civil/2024–2025 | ကျောက်စီမြေကာနံရံ(၄၀၀)ပေ တည်ဆောက်ခြင်း အတွက် ၆"x ၉" ကျောက်ကြီးနှင့် သံချောင်းလုံး ဆိုဒ်စုံ ဝယ်ယူခြင်း။ | နန်ချို |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာဆိုင်ရာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်း အဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပိတ်ရက်နှင့် အချိန် - (၂၁-၂-၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီ

၄။ တင်ဒါရောင်းချ/ လက်ခံမည့်နေရာ - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံများအား (၇-၂-၂၀၂၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၆၇-၈၁၀၄၂၇၉)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ မြို့မဈေးရှိ ဆိုင်ခန်းအမှတ်(ရ/၉၊ ၁၀၊ ၁၁၊ ၁၈၊ ၁၉၊ ၂၀)(၁၀ပေ x ၁၀ပေ) ဆိုင်ခန်း(၆)ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၇-၂-၂၀၂၅ ရက်(သောကြာနေ့)

၃။ **တင်ဒါပိတ်ရက်** - ၂၀-၂-၂၀၂၅ ရက် ညနေ ၃ နာရီ

၄။ **တင်ဒါပေးသွင်းမည့်နေရာ** - ရောင်းချဖြန့်ဖြူးရေးဌာန၊အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရောင်းချဖြန့်ဖြူးရေးဌာန၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၃၆၉၊ ၀၆၇-၃၄၀၈၂၀၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန်အတွင်း ထရန်စဖော်မာနှင့်ဓာတ်အားလိုင်း အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း(၄)ခုအား(ပစ္စည်း+လုပ်အားခ)ပုတ်ပြတ် (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်နိုင်ရေးလုပ်ငန်းအပ်နှံရန်အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၆.၂.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၀.၂.၂၀၂၅) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## (၃၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး
## ဖိတ်ကြားလွှာ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)

**ကျင်းပမည့်ရက်** - ၂၃-၂-၂၀၂၅ရက်(တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် (၈) နာရီ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း။ နံနက် (၉) နာရီ အစည်းအဝေးစတင် ကျင်းပခြင်း။

**ကျင်းပမည့်နေရာ** - အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်။

**အလုပ်အမှုဆောင်အဖွဲ့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၁

ဦးလှအောင် နှင့် ဒေါ်တင်တင်လှ

**တရားလို** **တရားပြိုင်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၃)နေ တရားပြိုင် ဒေါ်တင်တင်လှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ အခွင့်အမိန့်အရရှေ့နေဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝိုင်းအေးနုနုအောင်)**
**မြို့နယ်တရားသူကြီး**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးဝင်းခင် ၁၂/ကခက(နိုင်)၀၆၆၈၉၄၏သား ပျဉ်းမနားမြို့နယ်၊ အထက-၂၊ Grade-10(D) မှ မောင်မြင့်မြတ်ဟိန်းအား ယနေ့မှစ၍ မောင်မြင့်မြတ်အောင် ဟုပြောင်းလဲခေါ်ပါရန်။

**မောင်မြင့်မြတ်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်းဘွဲ့မြို့၊ (ဃ)ရပ်ကွက်၊ ကုန်သည်လမ်းနေ (ဘ)ဦးဇော်ထိုက်၏ သမီး ဒေါ်မိုင်သီသီလတ် ၆/ရဖန(နိုင်)၀၂၄၅၄၀ ကိုင်ဆောင်သူ ဒေါ်မိုင်သီသီလတ်(ခ)ဒေါ်သီသီလတ်သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မိုင်သီသီလတ်**
**၆/ရဖန(နိုင်)၀၂၄၅၄၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာ ယာရပ်ကွက်၊ ဗဟို(၂၅)လမ်း၊ မြေကွက်အမှတ်(L/၁၉၅) ဟုခေါ်တွင်သော အလျား x အနံ (၄၀ x ၆၀)ပေ အကျယ်ရှိ ဒေါ်စန်းမြင့်အမည်ပေါက် မြေကွက်အနက် အလျား x အနံ (၂၀ x ၆၀)ပေအကျယ်ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁)ဦးဌေးလွင်(ဘ)ဦးခင်မောင် ၁၂/သလန(နိုင်)၀၁၅၄၅၇ (၂)ဒေါ်မြမြစန်း(ဘ)ဦးရွှေကြိုင် ၁၂/သလန(နိုင်) ၀၁၅၄၅၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထက်အောင်(ဘ)ဦးဆွေဝင်း ၅/ရဥန(နိုင်) ၁၀၁၁၀၀ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း များနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)(စဉ်-၁၈၇၂၆)** **(စဉ်-၅၂၀၆၄)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ(၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ်(၆၉၅/ခ) ဟုခေါ်တွင်သော ဧရိယာ(၀ဒသမ၀၂၇)ဧကအကျယ်ရှိ ဦးခင်မောင်မြ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဝင်းနိုင် ၁၂/ဥကမ (နိုင်) ၂၆၃၀၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်လွင် ၆/ထဝန(နိုင်) ၀၈၅၇၇၇ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)(စဉ်-၁၈၇၂၆)** **(စဉ်-၅၂၀၆၄)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့၊ စိမ်းရတနာမွန် (မြောက်)ရပ်ကွက်နေ မရွှန်းလဲ့လဲ့စိုး ၁/မညန(နိုင်)၁၈၂၁၀၈၏ ဖခင်အမည်မှန်မှာ ဦးစိုးသီဟ(ခ) ဦးစိုးသီဟဟိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ် အထက(G-10) မှ မောင်ဇော်ဝင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစောဟေလာဖိုး ၂/ဖဆန(နိုင်)၀၀၇၆၀၂ ဖြစ်ပါကြောင်း။ **ဦးစောဟေလာဖိုး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ အထက (ရွှေတောင်)ကျောင်း Grade-12 မှ မောင်ဝင်းကိုကိုဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း ၇/ရတန(နိုင်)၁၄၉၅၂၆ ဖြစ်ပါကြောင်း။ **ဦးအောင်မင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ကြာကန် အထက(ခွဲ) Grade-9 မှ မမေမြတ်နိုးဦးနှင့် Grade-2 မှ မောင်အာကာမင်းထက်တို့၏ ဖခင် ဦးထွန်းမင်းနှင့် ဦးထွန်းမင်းလတ် ၈/သရန(နိုင်) ၀၀၀၃၅၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စံပယ်ခြံလမ်း၊ အမှတ်(၇၃၄) ဟုခေါ်တွင်သော (၂၂x၃၈) ပေအကျယ်ရှိ မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်သူများဖြစ်သော ဦးဌေးအောင် (၁၂/မရက(နိုင်) ၁၇၁၀၉၉)နှင့် ဒေါ်နီလာဝင်း (၁၂/တကန(နိုင်)၂၂၅၈၀၉) တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ချိုချိုလင်း (၉/မသန(နိုင်) ၀၈၁၈၃၃) ကရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၁၆-၂-၂၀၂၅)ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျန်ငွေ များကိုဆက်လက်ပေးချေ၍ အဆိုပါမြေကွက်နှင့်နေအိမ်ကို ဥပဒေနှင့်အညီလက်ရောက်ရယူသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတောအကွက်၊ ဦးပိုင်အမှတ်(၁၈၆-က)၊ ဧရိယာ(၀ဒသမ၀၄၁)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ပဒင်းတန်းလမ်း၊ အိမ်အမှတ်(၃၆)နေ ဒေါ်သန်းသန်းမြင့်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/27647, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၁၄/ပသန(နိုင်)၀၃၇၁၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/8206, Toyota Landcruiser UZT100, Station Wagon (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးသော်မင်းထွန်း ၁၂/ဥတမ(နိုင်)၂၃၀၆၇၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

မော်တော်ယာဉ် 8G-6104 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူအောင်၃/မဝတ(နိုင်)၀၆၉၁၀၅က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီ)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ထန်းတောကြီးလမ်း၊ အမှတ်-၃၈၄ နေ ဒေါ်သိန်းထွေး (ဘ) ဦးသာမောင်(၇/ပခန(နိုင်)၈၅၉၄၆၉)မှ ပဲခူးမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၆-၇-၂၀၁၂) ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်-၂၈၆/၂၀၁၂ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ (၂၇/၂၈)လမ်းကြား၊ အမှတ်- ၆၃/၅၉ နေ ဦးသိန်းထွန်းမြင့်(ဘ) ဦးကံမြင့် (၅/တမန(နိုင်)၀၃၄၅၇၅)အား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။

အဆိုပါလွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား အကြောင်းညီညွတ်မှုမရှိ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းလိုက်ပါကြောင်း ဦးသိန်းထွန်းမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိန်းထွေး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးနန္ဒာနွယ်(LL.B)** **ဒေါ်အေးအေးမိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၂၃)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၄၆)**
**ဖိုးရာဇာလမ်း၊ အမှတ်(၂)ရပ်ကွက်၊** **အင်းဝင်(၁၁)လမ်း(မြသပိတ်လမ်း)**
**ဥဿာမြို့သစ်၊ ပဲခူးမြို့၊** **နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉ ၅၀၆၈၇၄၅** **ဖုန်း-၀၉-၄၅၁၃၈၀၆၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်းရှိ မြေကွက်သည် ဦးခင်မော်အမည်ပေါက် ပါမစ်မြေဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (ခြေရင်းဘက်) (၁၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် မြေပေါ် တွင်ဆောက်လုပ်ထားသော သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်နှင့် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဦးစိုးဝင်း (၁၂/သဃက(နိုင်)၀၇၆၁၁၅)က တစ်ဦးတည်း ကြိုးပမ်းရှာဖွေရရှိလာသော နိဿယပစ္စည်းဖြစ်ပါသည်။ ဦးစိုးဝင်း၏သဘောတူ ခွင့်ပြုချက်မရဘဲ မြေကွက်၊နေအိမ်နှင့် နေအိမ်ရှိ ပရိဘောဂ အရပ်ရပ်ကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများ ပြုလုပ်ခွင့်မရှိပါ။ အလွဲသုံးစားပြုလုပ်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မျိုးသူဇာနှင်း | ဒေါ်ခိုင်ဇင်ထွန်း | ဒေါ်အိဖြူနှင်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၄၂၁၆) | (စဉ်-၁၃၉၈၂) | (စဉ်-၅၄၅၇၈) |
| ဖုန်း-၀၉-၂၅၄၂၁၈၀၂၄ | ဖုန်း-၀၉-၇၇၄၉၄၈၉၄၅ | ဖုန်း-၀၉-၄၂၀၀၄၇၅၅၅ |

# အသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် **"ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ (၂၀၁၆)"** အရ ခွင့်ပြုထုတ်ပေးလျက်ရှိသည့် ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို လုပ်ငန်းဆောင်ရွက်သူ ပြည်သူလူထုအနေဖြင့် အချိန်ကုန်သက်သာစွာနှင့် လုပ်ငန်းများ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်စေရေး Online ကွန်ပျူတာစနစ်အသုံးပြု၍ လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးနှင့် မန္တလေးတိုင်းဒေသကြီးရုံးတို့တွင် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ် များအနက် **"လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့်ပြင်ဆင်ပြောင်းလဲခြင်းလုပ်ငန်း"** တို့ကို **၁၀-၂-၂၀၂၅** ရက်မှစ၍ စမ်းသပ်ကာလအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး **၁-၄-၂၀၂၅** ရက်မှစတင်၍ Online ကွန်ပျူတာစနစ်အသုံးပြုကာ အပြည့်အဝဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေး ကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား www.dotp.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

**ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**




## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဥယျာဉ်တန်း-င)၊ ဦးပိုင်အမှတ် (၁၆)၊ ၃၆ x ၃၇ ကြား၊ ၆၃ x ၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးရှမ်း ၁၃/မတတ (နိုင်)၀၂၂၃၁၁ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၉)၊ ဦးပိုင်အမှတ် (၁ဃ/၁၆ခဲစင်းရှေ့ခြမ်း)၊ ၁၈လမ်း၊ ၈၇x၈၈လမ်းကြားရှိဘိုးဘမြေကွက် အမည်ပေါက်သူ ဦးရဲဂျမ်း၊ ဒေါ်ခင်ကြည်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၆၁၁/၁၉၉၈) ဖြင့် ဝယ်ယူခဲ့သူ ဦးစံထား (MYA-၁၀၅၈၅၈)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၆၁၄/၂၀၀၉) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စောမွန် ၉/ခအဇ(နိုင်)၀၀၅၁၇၈၊ ဒေါ်ကေသီမွန် ၉/ခအဇ(နိုင်)၀၁၄၉၃၀၊ ဒေါ်နှင်းနှင်းဖော် ၉/ခအဇ(နိုင်)၀၂၅၂၅၀တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၁)၊ ဦးပိုင်အမှတ် (ယခင် ၃၁၊ ယခု ၄၃-ခဲစင်း)၊ ၈၁လမ်း၊ ၁၇x၁၈လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ (ဇနီး)ဒေါ်ခင်ကြီး (AE-242727) ကွယ်လွန်သဖြင့် အမွေဆက်ခံ စာချုပ်အမှတ် (၂၁၇၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ (ခင်ပွန်း) ဦးသန်းညွန့် ၉/မနမ(နိုင်)၀၄၃၅၈၇ က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၆၄၄)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်မြစန္ဒာမောင်မောင် ၉/မခန(နိုင်) ၀၆၆၄၃၀မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နန်းအေးအေးသိန်း ၉/ခအဇ(နိုင်) ၀၁၄၅၆၄နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၈၅) ရပ်ကွက်၊ မြကျောင်းသာလမ်း၊ မြေကွက် အမှတ်(၅၈၅)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် အကျယ်ပေ (၄၀x၆၀) ပေအကျယ်ရှိ ဒေါ်တင်တင်နွဲ့ (G/RGN 003004)(၁၂/တမန(နိုင်)၀၆၅၈၂၇) အမည်ပေါက် ပါမစ်မြေကွက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အမှတ်(၅၈၄)ကပ်လျှက်ခြမ်း (၂၀ ပေ x ၆၀ ပေ) ပါမစ်မြေကွက်နှင့်ပတ်သက်၍ အဆက်ဆက်အရောင်းအဝယ် စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး အရပ်ရပ်ကိစ္စအကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဦးဝေသန်း (၁၂/ဒဂဆ(နိုင်)၀၀၇၄၇၇) မှ အရှုပ်အရှင်းမရှိဟုဝန်ခံသဖြင့် ၎င်းထံမှကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာဝေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေး/ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်မာဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇင်ကိုအောင်(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်-၄၄၄၁၆/၂၀၁၄)**
**အမှတ်(၃၂၆-ခ)၊ အောင်မေတ္တာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၆၄၅၅၅၁၁၊ ၀၉-၉၅၈၃၇၁၈၉၇**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ပြည်သူ့လမ်း၊ အကွက်အမှတ်နှင့် အမည် ၆၈/မောင်ငံ၊ ဦးပိုင်အမှတ် ၁၃၈၊ ဧရိယာ(၀.၀၅၈)ဧကရှိဘိုးဘွားပိုင်မြေအမျိုးအစားကို မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်ကျင်လွမ် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်ကျင်လွမ်သည် ကွယ်လွန်သွားပြီးနောက် ၎င်း၏အမွေဆက်ခံခွင့်ရှိကြသူများဖြစ်သော ဒေါ်မြင့်မြင့်သီ ပါ ၁၇ ဦးတို့သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် ၄၄၅/၂၀၁၆ အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားကြပါသည်။ ထို့နောက် ဒေါ်မြင့်မြင့်သီ ပါ ၁၇ ဦးတို့သည် ၎င်းတို့တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော အထက်ဖော်ပြပါမြေကွက်ကို "မြေကွက်များ အပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် - ၂၁၉/၂၀၁၇ အရ ဦးမိုးကျော် နှင့် ဦးခင်မောင်အေး တို့(၂)ဦးအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဦးမိုးကျော်နှင့် ဦးခင်မောင်အေး တို့သည် ၎င်းတို့တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးမိုးကျော်နှင့် ဦးခင်မောင်အေးတို့မှ အမည်ပြောင်းလဲပေးရန်လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ အာသောကလမ်း၊ ကွင်း/အကွက်အမှတ် (၆၆/၂/ကျွန်းပင်ချောင်းအရှေ့)၊ ဦးပိုင်အမှတ်(၂၂၂)၊ ဧရိယာ(၀ဒသမ၀၉၂)ဧကရှိ ဝင်းမြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင် ပိုင်ဆိုင်သူ ဒေါ်ဘေဘီဝင်း ၅/ကလထ(နိုင်) ၀၂၉၅၅၁က တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်မည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းမူ ၅/ခဥန(နိုင်) ၀၂၀၀၄၅ထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းစသည့်အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူဒေါ်သန်းမူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အမှတ်(၈/၄၉)၊အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း-၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၈၇၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးညွှန့်မင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသိန်းထိုက်(ဘ) ဦးဖိုးတုပ် ၉/လဝန(နိုင်)၁၉၅၇၈၁ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၄၇/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသီဟကျော်(ဘ)ဦးဒွန်မြင်းကျင်(ခ)ကိုထွန်း ၁၃/လရန(နိုင်)၁၃၈၀၀၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

ဒေါ်ချင်ရာချိုင် **နှင့်** ဒေါ်နွဲ့နွဲ့ရီ (၎င်း၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ကျော်ဒုံမေ)

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၂-လမ်း၊ ၁၁၄(စီ)လမ်းထောင့်၊ အကွက်(ဘဘ-၁၄)၊ မြရည်နန္ဒာရပ်ကွက်နေ ဒေါ်နွဲ့နွဲ့ရီ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ကျော်ဒုံမေ) (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ချင်ရာချိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၉

ဦးအောင်ဆင့် **နှင့်** ဒေါ်ချစ်နွယ်

**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ ကံကြီးရပ်၊ ခေမာရာမလမ်းသွယ်၊ အိမ်အမှတ် (၁/၃၃၆) နေ ဒေါ်ချစ်နွယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

